# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ။နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၂၅)၊ ၁၃၇၇ ခုနှစ် ၊ တန်ခူးလပြည့်ကျော် ၃ ရက် ၊ ၄-၄-၂၀၂၆၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ် (၁/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

**နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၅၁ နှင့်အညီ ကြေညာလိုက်သည်။

(ပုံ) အောင်လင်းဒွေး
နာယက

## ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ် (၂/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

**ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က အောက်ပါပုဂ္ဂိုလ်နှစ်ဦးအား ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ယင်းတို့ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၅၁ နှင့်အညီ ကြေညာလိုက်သည်-

| | အမည် | မဲဆန္ဒနယ် | ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည့် အစုအဖွဲ့ |
|---|---|---|---|
| ၁။ | ဦးညိုစော | ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမဲဆန္ဒနယ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ |
| ၂။ | ဒေါ်နန်းနီနီအေး | ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ |

(ပုံ) အောင်လင်းဒွေး
နာယက

# နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယသမ္မတများအဖြစ် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး တို့အား ရွေးချယ်တင်မြှောက်



နေပြည်တော် ဧပြီ ၃

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့်လွှတ်တော်ကိုယ်စားလှယ်

စာမျက်နှာ ၃ သို့ ☆

နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များက ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်း လက်မှတ်ရေးထိုးထုတ်ယူကြပြီး သတ်မှတ်ထားသည့်နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်ကြစဉ်။

၂၀၂၆ ခုနှစ်၊ မေ ၄ ရက်၊ စနေနေ့။

မန္တလေး နေ့စဉ်

## လျှပ်ပြင်းထန်ဒဏ်အတွင်း တည်ရှိသော ရေလှောင်တမံများ ပိုမိုကြံ့ခိုင်မှုရှိစေရေး ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် လစဉ်ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲများကို ကျင်းပလျက်ရှိသည်။ ၂၀၂၅ မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ကုန်ထုတ်လုပ်ရေးကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများစွာတို့ ထိခိုက်ပျက် စီးမှုများရှိခဲ့သည့်နည်းတူ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းအချို့ဒေသများရှိ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကအထောက်အကူပေးလျက်ရှိသည့် ရေလှောင်တမံကြီးများ ကျိုးပေါက်မှုမရှိခဲ့သော်လည်း ပင်မတမံများ၊ ကုန်းကျောတမံများ၊ ရေလွှဲဆည်များနှင့် ရေပေးတူးမြောင်းအချို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး မြေမျက်နှာပြင်အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ထိခိုက်မှုအချို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ စိုက်ပျိုးရေပေးဝေဆဲ နွေစပါး၊ နွေသီးနှံများ အမြန်ပြန်လည်ကုစားနိုင်ရန်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် စက်ယန္တရား၊ လူအင်အားစုဖွဲ့ပြီး ထူထောင်ပြင်ဆင်ရေးလုပ်ငန်းများကို အလျင်အမြန် တုံ့ပြန်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လိုအပ်ချက်များကို ဌာနများအားလုံးပူးပေါင်းညှိနှိုင်း နည်းလမ်းရှာဖွေကြံဆ၍ နေ့ညမပြတ်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် မကြာမီကာလအတွင်း အဆင့်လိုက်ဆည်ရေ ပြန်လည်ပေးဝေနိုင်ခဲ့ပြီး သီးနှံများ ထိခိုက်ပျက်စီးဆုံးရှုံးမှုကို လျှော့နည်းကာကွယ်နိုင်ခဲ့ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က မေ ၂ ရက် မွန်းလွဲပိုင်းတွင် (၅၄)ကြိမ်မြောက်အဖြစ် နေပြည်တော်ရုံးအမှတ်(၁၅)၊ စုဝေးဆောင်ခန်းမ၌ကျင်းပသည့် မန္တလေးငလျင်ကြီးအပေါ် အလျင်အမြန်ပြန်လည်ကုစားခြင်းနှင့် အနာဂတ်အတွက် ကြိုတင်ပြင်ဆင်ခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင်ပြောကြားသည်။

အနာဂတ်တွင် ဌာနအဆောက်အအုံများ ဆောက်လုပ်ရာ၌ ငလျင်ဒဏ်ခံနိုင်သော အနေအထားရှိအောင် Myanmar National Building Code (MNBC)2025 အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ငလျင်ပြင်းထန်ဖုန်အတွင်း တည်ရှိသော ရေလှောင်တမံများ၏လုံခြုံရေးနှင့် ခံနိုင်ရည်အခြေအနေကို သုံးသပ်၍ ပိုမိုကြံ့ခိုင်မှုရှိစေရေးနှင့် ဘေးကင်းလုံခြုံစေရေးကို နိုင်ငံတကာဒီဇိုင်းစံနှုန်းများနှင့် နိုင်ငံတကာတွင်ဖြစ်ပေါ်ခဲ့သော ငလျင်များကြောင့် ကြုံတွေ့ခဲ့ရသည့်အခြေအနေများကို လေ့လာဆောင်ရွက်နိုင်ရေးအတွက် ဦးစားပေးအဆင့်လိုက် ပြင်ဆင်ခြင်း၊ စိုက်ပျိုးရေကို ထိရောက်ချွေတာစွာ သုံးစွဲနိုင်မည့် စိုက်နည်းစနစ်များ၊ ရာသီဥတုနှင့် သဘာဝဘေးဒဏ်ခံနိုင်သောမျိုး၊ သီးနှံအမျိုးအစားနှင့် နည်းပညာအသုံးချမှုများ၊ မြေယာပြုပြင်မှုဆိုင်ရာ၊ မြေဆီလွှာပြုပြင်မှုဆိုင်ရာ နည်းစနစ်များ ဟန်ချက်ညီညီ ပြောင်းလဲတိုးတက်လာစေရန် ကြိုးပမ်းအားထုတ်ခြင်းကို ဌာနဆိုင်ရာအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရုံသာမက ပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုနှင့် နီးနီးကပ်ကပ် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ငလျင်ပြင်းထန်ဖုန်အတွင်းတည်ရှိသော ရေလှောင်တမံများ ပိုမိုကြံ့ခိုင်မှုရှိစေရေး၊ ငလျင်ကဲ့သို့ ကြိုတင်ခန့်မှန်း၍မရသော သဘာဝဘေးကြုံတွေ့လာရပါက လျင်မြန်စွာ ပြန်လည်ထူထောင်နိုင်ရေးအတွက် တိကျသောလမ်းညွှန်ချက်များ၊ အန္တရာယ်ကို လျှော့ချရန်အတွက် အထောက်အကူဖြစ်စေမည့်နည်းပညာများနှင့် ငလျင်အလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုအားကောင်းတိုးတက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၆ ခုနှစ် နွေရာသီအခြေခံဘောလုံး အားကစားသင်တန်းဆင်းပွဲ မန္တလေးမြို့တွင် ကျင်းပ

**မန္တလေး မေ ၃**

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မန္တလေးဘောလုံးသမားဟောင်းများအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံဘောလုံး အားကစားသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၃ ရက် နံနက်ပိုင်းနာရီက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၇၁ လမ်း ဗထူးအားကစားကွင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ မန္တလေးဘောလုံးသမားဟောင်းများအသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း (စိန်နှင့်မြ)၊ မြန်မာ့လက်ရွေးစင်ဟောင်း ဦးပေါက်စီ၊ အသင်းအမှုဆောင်များ၊ သင်တန်းနည်းပြချုပ် ဦးအောင်ကျော်မိုးနှင့် သင်တန်းနည်းပြများ၊ ဖိတ်ကြားထားသူများ၊ တစ်လကြာသင်တန်း တက်ရောက်ခဲ့ကြသည့် သင်တန်းသားများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာဥက္ကဋ္ဌ ဦးဇော်ဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး လက်ရွေးစင်ဟောင်း ဦးပေါက်စီ၊ သင်တန်းနည်းပြချုပ် ဦးအောင်ကျော်မိုးနှင့် သင်တန်းနည်းပြတို့က သင်တန်းဆင်းလက်မှတ်များအသီးသီး ပေးအပ်ခဲ့ကြပြီး စုပေါင်းအမှတ်တရ မှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
တင်မောင်-မန်း



## ပုဗ္ဗသီရိမြို့နယ်၌ ယစ်မျိုးအခွန်ငွေ ပေးသွင်းခြင်းဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၃**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ယစ်မျိုးလုပ်ငန်းရှင်များအား ယစ်မျိုးအခွန်ငွေ ပေးဆောင်ခြင်းနှင့်ပတ်သက်၍ အသိပညာပေးခြင်းကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။



ဦးစွာ ဇေယျာသီရိခရိုင်၊ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောနိုင်က အဖွင့်အမှာစကားကြားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)၊ ယစ်မျိုးနှင့်အခွန်ဌာန ဒုတိယညွှန်ကြားရေးမှူး ဦးငြိမ်းချမ်းအောင်က ယစ်မျိုးခွန် ပေးသွင်းခြင်းဆိုင်ရာ အချက်အလက်များနှင့် ယစ်မျိုးအခွန်များကို Digital Online Payment များဖြင့် ပေးဆောင်ရမည့်ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူတစ်ဦးက KBZ Bill Payment System၊ KBZ Mobile Banking၊ KBZ Internet Banking၊ KBZ Agent နှင့် KBZ Bank ခွဲ စသည်များမှ ငွေပေးဆောင်ပုံအဆင့်ဆင့်နှင့် ယစ်မျိုးခွန် ပေးဆောင်နိုင်သည့်ကာလ အပိုင်းအခြားများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ယစ်မျိုးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများမှ ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ယစ်မျိုးလုပ်ငန်းရှင် စုစုပေါင်း ၁၅၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
အောင်ကို(ပြန်/ဆက်)

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး မေ ၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပထမအကြိမ် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန (မနော်ရမ္မ)တွင် ပြုလုပ်ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထွက်ရှိသော ဟင်းသီး ဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက်သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများ ပျိုးထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

ပထမအကြိမ် ဟင်းသီး ဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ခရမ်းချဉ်သီး ၇၇ ထုပ်၊ ဒန့်သလွန်သီး ၅၅ စည်း၊ ခရမ်းသီး ၃၉ ထုပ်၊ ဘူးသီး ၂၉ လုံး၊ ကင်ပွန်းချဉ်ရွက် ၅ ထုပ်၊ ကန်စွန်းရွက် အစည်း ၅၀၊ သရက်သီးသုံးလုံးပါအထုပ် ၇၅ ထုပ်၊ ငှက်ပျောသီး ၅၅ ဖီး တို့ကို စီမံရေးရာဌာန၊ ပြည်ကြီးတံခွန်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၊ အမရပူရမြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့မှ ဝန်ထမ်းများ၊ သန့်ရှင်းရေးဌာနရုံးပေါ်ရှိဝန်ထမ်းများနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)(မန္တလေးနေ့စဉ်-၃)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

စုစုပေါင်း ၅၈၆ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၄ ဦး တက်ရောက်ကြသဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲအစီအစဉ်များကို လွှတ်တော်သို့ အသိပေးကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူပြီး အတည်ပြုမှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအားလုံး ပါဝင်သည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတလောင်းများ ဖြစ်ကြသည့် ဒုတိယသမ္မတသုံးဦးအနက်မှ ဒုတိယသမ္မတတစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲလက်မှတ်ပုံစံ(၁၀)ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေအရ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရန် ဆန္ဒမဲပေးခြင်းကို မိမိအပါအဝင် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ဆန္ဒမဲပေးပုံပေးနည်းနှင့် ပယ်မဲအဖြစ်ဆုံးဖြတ်သတ်မှတ်မည့် ဆန္ဒမဲလက်မှတ်တို့ကို လွှတ်တော်သို့ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲပေးပွဲတွင်အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ




နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်များကို သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ ရှေ့မှောက်၌ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရေတွက်စစ်ဆေးကြစဉ်။

နှင့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များသည် ပြည်ထောင်စုလွှတ်တော်ရုံး ဝန်ထမ်းများထံမှ ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်း လက်မှတ်ရေးထိုးထုတ်ယူကြပြီး သတ်မှတ်ထားသည့် နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၃၊ နည်းဥပဒေခွဲ(ဃ)အရ ကိုယ်စားလှယ်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်တို့ ကိုက်ညီခြင်းရှိ၊ မရှိကို နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များရှေ့မှောက်၌ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရေတွက်စစ်ဆေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး ပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ၅၈၄ မဲဖြစ်ပြီး ယခုဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၈၄ မဲဖြစ်သည့်အတွက် ကိုက်ညီမှုရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၃၊ နည်းဥပဒေခွဲ (ဃ)၊ နည်းဥပဒေခွဲငယ် (c)အရ ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်များကို သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များရှေ့မှောက်၌ ဖွင့်လှစ်ပြီး သက်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ စိစစ်ရေတွက်၍ နိုင်ငံတော် သမ္မတလောင်းတစ်ဦးချင်းစီရရှိသော ထောက်ခံဆန္ဒမဲအနည်း၊ အများအလိုက် အမည်စာရင်း ပုံစံ(၁၅)တွင် နိုင်ငံတော်သမ္မတ စိစစ်ရေးအဖွဲ့ဝင်များက လက်မှတ်ရေးထိုး မှတ်တမ်းတင်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက က သမ္မတလောင်းတစ်ဦးချင်းရရှိသည့် ထောက်ခံဆန္ဒမဲ အနည်း၊ အများအလိုက် အမည်စာရင်းကို ကြေညာရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထောက်ခံဆန္ဒမဲ ၄၂၉ မဲ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဦးညိုစောက ထောက်ခံဆန္ဒမဲ ၁၂၆ မဲ၊ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဒေါ်နန်းနီနီအေးက ထောက်ခံမဲ ၂၉ မဲ အသီးသီးရရှိကြသည်။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်နာယကက ထောက်ခံဆန္ဒမဲအများဆုံးရရှိသည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့မှ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။

ထို့နောက် ဦးညိုစောနှင့်ဒေါ်နန်းနီနီအေးတို့အား ဒုတိယသမ္မတများအဖြစ် ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေးပြီးဆုံးကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် တတိယနေ့အစည်းအဝေးကို ၂၀၂၆ ခုနှစ် ဧပြီ ၆ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းကြေညာပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်

**ပြင်ဦးလွင် ဧပြီ ၃**

နွေရာသီ ကျောင်းပိတ်ရက်များအတွင်း ကျောင်းသား၊ ကျောင်းသူများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် အခမ်းအနားမှူးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ရာ ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းနည်းပြအဖြစ် ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်းမှ ဒုတိယဥက္ကဋ္ဌ MC ဒေါ်အေဇင်မေက အခမ်းအနားမှူးတစ်ဦးတွင် ရှိရမည့် အရည်အချင်းများ၊ အခမ်းအနား အမျိုးအစားအလိုက် ကြိုတင်ပြင်ဆင်ရမည့် အစီအမံများ၊ အခမ်းအနားမှူးတစ်ဦး သိသင့်သိထိုက်သည့် ဆောင်ရန်၊ ရှောင်ရန်များ၊ မြန်မာစာသဒ္ဒါအသုံးအနှုန်းနှင့် အသံအဖြတ်အတောက်များ၊ လက်တွေ့လုပ်ဆောင်ရာတွင် ဖြစ်ပေါ်တတ်သည့် လုပ်ငန်းအတွေ့အကြုံများ အစရှိသည်တို့ကို သင်ကြားပို့ချသွားမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားမှူး သင်တန်းအား ပြင်ဦးလွင်မြို့နယ်



အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၄၂ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ဧပြီ ၁ ရက်မှ ၅ ရက်အထိ ငါးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**သွေးသွေး(ခရိုင် ပြန်/ဆက်)**

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးစိုးနိုင်ထွန်း | ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး |
| (ခ) ဒေါက်တာဇော်မိုးအောင် | ပါမောက္ခချုပ် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းကို မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်ရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး။

☆ စာမျက်နှာ ၂၄ မှ

"တရုတ်-မြန်မာ အနာဂတ်ကံကြမ္မာ အတူတကွ ဖော်ဆောင်သည့် လူ့အဖွဲ့အစည်း" တည်ဆောက်မှုကို မြှင့်တင်ရန် အရေးကြီးသောဘုံသဘောတူညီချက်သို့ရောက်ရှိခဲ့ကာ ယခုအခါ နှစ်ဖက်စလုံးမှ သက်ဆိုင်ရာဌာနများနှင့် ဒေသအာဏာပိုင်အသီးသီးတို့က တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ်သည် တရုတ်နိုင်ငံ၏ (၁၅) ကြိမ်မြောက် ငါးနှစ်စီမံကိန်း စတင်သည့်နှစ်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအဆင့်သစ်တစ်ခုသို့ စတင်ခြေလှမ်းသည့်နှစ်လည်းဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကို အလွန်အလေးထားပြီး မဟာဗျူဟာမြောက်ဖလှယ်မှုများကို မြှင့်တင်ရန်၊ နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှုကို နက်ရှိုင်းစေရန်နှင့် "တရုတ်-မြန်မာ အနာဂတ်ကံကြမ္မာ အတူတကွဖော်ဆောင်သည့်လူ့အဖွဲ့အစည်း" တည်ဆောက်ရာတွင် ပိုမိုနက်ရှိုင်း၍ ခိုင်မာသောတိုးတက်မှုများရရှိစေရန် သင်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါသည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့၏ ပြည်သူနှစ်ရပ်အတွက် ပိုမိုကြီးမားသောအကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးနိုင်ရန်နှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုပါဝင်ကူညီပေးနိုင်ရန် မျှော်လင့်ပါသည်။

မြန်မာနိုင်ငံ သာယာဝပြောပါစေကြောင်းနှင့် မြန်မာပြည်သူများ ပျော်ရွှင်ချမ်းမြေ့ပြီး ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်၏ မြင့်မြတ်သောရာထူးတာဝန်တွင် အောင်မြင်မှုအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းအပ်ပါသည်။

Xi Jinping

သမ္မတ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တာရာ့နီကော့ဗ် အန်ဒရေအလက်ဇန်ဒရီဗစ်ချ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ပါသည်။

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

အဆွေတော်၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ခင်မင်ရင်းနှီးစွာ ပြောကြားလိုပါသည်။

မိမိအနေဖြင့် နှစ်နိုင်ငံအကြား ရိုရင်းစွဲ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး တိုးတက်ကောင်းမွန်လာခြင်းအပေါ် အလေးအနက်ဝမ်းမြောက်မိပါသည်။ အဆွေတော်၏ ပင်ကိုအရည်အချင်းနှင့် ကျွမ်းကျင်မှုတို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုဗိုစီဗစ်ဒေသတို့အကြား ဆက်ဆံရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာ၍ ဆောင်ရွက်သမျှအစီအစဉ်တိုင်း ပြည့်စုံအောင်မြင်ပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ဦးဆောင်ရာတွင် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုများအတွက် ကတိကဝတ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

အေ အေ တာရာ့နီကော့ဗ်

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန့်ကိုထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့လာပါသည်။

မင့်စ်မြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

အဆွေတော်၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခံရသည့်အတွက် ဘယ်လာရုစ်ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ကြွယ်ဝသောအတွေ့အကြုံ၊ ကျွမ်းကျင်ပိုင်နိုင်မှုနှင့် အရည်အသွေးများသည် မြန်မာနိုင်ငံကို အဆွေတော် ဦးဆောင်ရာတွင် နိုင်ငံတည်ငြိမ်ရေးနှင့် လူမှုစီးပွားတိုးတက်ရေးတို့ကို အောင်မြင်စွာ စွမ်းဆောင်နိုင်မည်ဟု မိမိယုံကြည်ပါသည်။

ပြီးခဲ့သည့်နှစ်အတွင်းက ဘယ်လာရုစ်-မြန်မာ ဆက်ဆံရေး၏ တက်ကြွစွာ သက်ဝင်လှုပ်ရှားနေမှုများကို မိမိအနေဖြင့် ဝမ်းမြောက်စွာအမှတ်ရမိပါသည်။ နိုင်ငံတော်အဆင့်နှင့် အဆင့်မြင့်ပုဂ္ဂိုလ်များ၏ ခရီးစဉ်များ၊ နိုင်ငံတကာမျက်နှာစာတွင် ထိတွေ့ဆက်ဆံမှုများ၊ နှစ်နိုင်ငံအခမ်းအနားများ၊ လက်မှတ်ရေးထိုးခဲ့သော စာချုပ်စာတမ်းများသည် နိုင်ငံရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် အခြားနယ်ပယ်များ၌ နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရာတွင် အခွင့်အလမ်းသစ်များကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် ဆက်ဆံရေးပိုမိုတိုးမြှင့်နိုင်ရေးအတွက် မိမိတို့အကြား သဘောတူညီချက်များကို အကောင်အထည်ဖော်မည့် ဘယ်လာရုစ်နိုင်ငံ၏ ကတိကဝတ်ကို မိမိအနေဖြင့် အတည်ပြုပြောကြားလိုပါသည်။

နှစ်နိုင်ငံအကြား အရေးကြီးကိစ္စရပ်များကို ဆွေးနွေးရန် ထပ်မံတွေ့ဆုံခွင့်မျှော်လင့်လျက်ရှိပါသည်။

အခွင့်ကြုံခိုက် အဆွေတော် ကျန်းမာပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးအတွက် တာဝန်များထမ်းဆောင်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

အလက်ဇန္ဒား လူကာရှန့်ကို

---

ဦးညိုစော အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယသမ္မတ မစ္စတာ ဟန်ကျန့် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့ပါသည်။

---

ဒေါ်နန်းနီနီအေး အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယသမ္မတ မစ္စတာ ဟန်ကျန့် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့ပါသည်။

## မြန်မာ-ယူနန်သရက်သီး သုတေသနနှင့် နည်းပညာပူးပေါင်းရေး MOU လက်မှတ်ရေးထိုး



မန္တလေး ဧပြီ ၃

မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(MMTDA)နှင့် ယူနန်စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီ လက်အောက်ရှိ သုတေသနဌာနတို့အကြား သရက်သီးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူနားလည်မှုစာချွန်လွှာ(MOU) လက်မှတ်ရေးထိုးပွဲကို မတ် ၃၀ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ရှိ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး၌ ကျင်းပခဲ့သည်။

ယခုပူးပေါင်းဆောင်ရွက်မှုသည် '2026 Yunnan Provincial International Science and Technology Commissioner' စီမံကိန်းအရ ဆောင်ရွက်ခြင်းဖြစ်ပြီး Tropical Subtropical Cash Crops Research Institute, Yunnan Academy of Agricultural Sciences နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ (အပေါ်ပုံ)

အဆိုပါ သဘောတူညီချက်အရ မြန်မာနိုင်ငံမှ ထွက်ရှိသော သရက်သီးများအတွက် သုတေသနလုပ်ငန်းများ ဖော်ဆောင်ခြင်းနှင့် နည်းပညာဖလှယ်ရေးလုပ်ငန်းများကို နှစ်ဖက်ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်သည်။

လက်မှတ်ရေးထိုးပွဲတွင် MMTDA ဥက္ကဋ္ဌ ဦးကိုကိုက အသင်း၏ လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံရှိ ဈေးကွက်ဝင်သရက်သီးအမျိုးအစားများနှင့် လက်ရှိဈေးကွက်အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ယူနန်ပြည်နယ်ဘက်မှ တာဝန်ရှိသူများကလည်း ၎င်းတို့ပြည်နယ်အတွင်း သရက်သီးမျိုးပေါင်း ၇၂ မျိုးရှိပြီး နိုင်ငံတော်အဆင့် သရက်သီး ငါးမျိုးပါဝင်ကြောင်း၊ ၁၉၅၂ ခုနှစ်မှ စတင်ကာ သုတေသနခြံ ၂၀၂ ခုနှင့် ပညာရှင်အင်အားအမြောက်အမြားဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ပြန်လည်ဆွေးနွေးခဲ့ရာ ယခု MOU လက်မှတ်ရေးထိုးခြင်းသည် မြန်မာ-ယူနန် နှစ်ဖက်အကြား သရက်သီးကဏ္ဍတွင် ပိုမိုထိရောက်သော ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့နိုင်စေမည်ဖြစ်ပြီး နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်တိုးချဲ့ရေးအတွက် အထောက်အကူပြုမည်ဟု မျှော်လင့်ကြောင်းသိရသည်။

အခမ်းအနားအပြီးတွင် တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံး (မန္တလေး) စာကြည့်တိုက်အတွက် သရက်သီးစိုက်ပျိုးရေးဆိုင်ရာ စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၈)



## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပွင့်ဖြူ ဧပြီ ၃

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂါတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းများကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဂါတ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၂၁ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၅ ဦးကို ငွေကျပ် ၂၀ ဒသမ ၂၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၉ ဦးကို ငွေကျပ် ၁ ဒသမ ၆၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရဲဝင်းနိုင်(ညောင်ဦး)

၀-၀-၀-၀-၀

# ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ**
**( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၅၂ / ၂၀၂၆ )**
**၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်**
**(၂၀၂၆ခုနှစ်၊ ဧပြီလ ၃ ရက်)**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ည)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ည) **စတော့အိပ်ချိန်း** ဆိုသည်မှာ ယင်း၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်မှုစနစ်နှင့် နည်းလမ်းများကို ပံ့ပိုးခြင်းဖြင့် စနစ်တကျ ဖွဲ့စည်းတည်ထောင်ထားသော စျေးကွက်ကို ဆိုသည်။"

( ခ ) ပုဒ်မခွဲ(ဏ)၏ နောက်တွင် (တ)(ထ)(ဒ)၊(ဓ)နှင့် (န)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) **မှတ်ပုံတင်အကြံပေးကုမ္ပဏီ** ဆိုသည်မှာ စာရင်းဝင်အကြိုစျေးကွက်တွင် ကုမ္ပဏီများ မှတ်ပုံတင်ရန် အကြံပေးအဖြစ် ဆောင်ရွက်ခွင့်ရရှိထားသော ကုမ္ပဏီကို ဆိုသည်။

(ထ) **ကြွေးမြီပေးဆပ်နိုင်ခြေအဆင့်သတ်မှတ်သည့်အေဂျင်စီ(Credit Rating Agency)** ဆိုသည်မှာ ငွေချေးစာချုပ်များထုတ်ဝေမည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ၏ ကြွေးမြီပေးဆပ်နိုင်မှု အခြေအနေကို အကဲဖြတ်၍ အဆင့်သတ်မှတ်ပေးသည့် ကုမ္ပဏီကို ဆိုသည်။

( ဒ ) **စုပေါင်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်(Collective Investment Scheme)**ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူများ၏ ရန်ပုံငွေများကိုစုစည်း၍ အကျိုးအမြတ်ရရှိရန် ရည်ရွယ်ချက်ဖြင့် ကျွမ်းကျင်သည့် ရန်ပုံငွေစီမံခန့်ခွဲသူများက ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားငွေချေးစာချုပ်များကဲ့သို့ ပိုင်ဆိုင်မှုများတွင် ရင်းနှီးမြှုပ်နှံပေးသည့် အစီအစဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အကျိုးတူရန်ပုံငွေ၊ ပုဂ္ဂလိကရန်ပုံငွေ၊ ယုံကြည်အပ်နှံမှုရန်ပုံငွေ သို့မဟုတ် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်သည့် အခြားရန်ပုံငွေများကို ရင်းနှီးမြှုပ်နှံပေးသည့် အစီအစဉ်လည်း ပါဝင်သည်။

( ဓ ) **စာရင်းဝင်အကြိုစျေးကွက်(Pre Listing Board)**ဆိုသည်မှာ စတော့အိပ်ချိန်းတွင် စာရင်းဝင်ဆိုင်ရာ စံသတ်မှတ်ချက်များပြည့်မီရန် လိုအပ်ချက်များရှိနေသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများ၏ ငွေချေးသက်သေခံ လက်မှတ်များကို သီးခြားစံသတ်မှတ်ချက်ဖြင့် မှတ်ပုံတင်ပြီး ရောင်းဝယ်ခွင့်ပြုသည့် စျေးကွက်ကို ဆိုသည်။

( န ) **ဆင့်ပွားစာချုပ်စျေးကွက်(Derivatives Market)**ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များနှင့် ယင်းတို့၏ စျေးကွက်အညွှန်းကိန်းများ၊ အတိုးနှုန်းများနှင့် နိုင်ငံခြားသုံးငွေလဲလှယ်နှုန်းများ၏ တန်ဖိုးများအပေါ် အခြေခံ၍ ချုပ်ဆိုထားသော စာချုပ်များကို ထပ်ဆင့်ရောင်းဝယ်သည့် စျေးကွက်ကို ဆိုသည်။"

( ဂ ) မူလပုဒ်မခွဲ(တ)၊ (ထ)နှင့် (ဒ) တို့ကို ပုဒ်မခွဲ (ပ)၊ (ဖ) နှင့် (ဗ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၃။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၀။ ကော်မရှင်သည်-

(က) အကျိုးတူရန်ပုံငွေ၊ ပုဂ္ဂလိကရန်ပုံငွေ၊ ယုံကြည်အပ်နှံမှုရန်ပုံငွေ သို့မဟုတ် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်သည့် အခြားရန်ပုံငွေများကို စုပေါင်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်သော စံသတ်မှတ်ချက်များကို သတ်မှတ်ပေးရမည်။

( ခ ) သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက စုပေါင်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ခွင့်ပြုနိုင်သည်။"

၄။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၁၁ တွင်-

(က) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) ဤဥပဒေအရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလုပ်ကိုင်ရန် ဆောင်ရွက်ခွင့်ပြုထားသော စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလုပ်ကိုင်ရန် လိုင်စင်ရရှိထားသည့်ကုမ္ပဏီများကို လိုအပ်သလို ညွှန်ကြားနိုင်သည်။"

( ခ ) ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားက လူပုဂ္ဂိုလ်တစ်ဦးချင်းစီဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း ဖွဲ့စည်း၍ ဖြစ်စေ ရင်းနှီးမြှုပ်နှံသူများ၏ ငွေချေးသက်သေခံလက်မှတ် အရောင်းအဝယ်ဆောင်ရွက်ခြင်းအား သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုနိုင်သည်။"

( ဂ ) မူလပုဒ်မခွဲ(င)ကို ပုဒ်မခွဲ(စ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၅။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၁၂ တွင်-

(က) ပုဒ်မခွဲ(ဂ)တွင် ပါရှိသော "ကောင်တာစျေးကွက်"ဆိုသည့် စကားရပ်၏ နောက်တွင် "၊ စာရင်းဝင်အကြိုစျေးကွက်နှင့် ဆင့်ပွားစာချုပ်စျေးကွက်"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

( ခ ) ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)နှင့် (စ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) ကြွေးမြီပေးဆပ်နိုင်ခြေအဆင့်သတ်မှတ်သည့် အေဂျင်စီ၊

(စ) မှတ်ပုံတင်အကြံပေးကုမ္ပဏီ၊"

( ဂ ) မူလပုဒ်မခွဲ(င)နှင့် (စ)တို့ကို ပုဒ်မခွဲ(ဆ)နှင့်(ဇ)တို့အဖြစ် ပြန်လည်အမှတ်စဉ်ပြီး ပြန်လည်အမှတ်စဉ်ထားသော ပုဒ်မခွဲ(ဆ)တွင်ပါရှိသော "ကောင်တာစျေးကွက်"ဆိုသည့် စကားရပ်၏ နောက်တွင် "၊စာရင်းဝင်အကြိုစျေးကွက်၊ဆင့်ပွားစာချုပ် စျေးကွက်၊ကြွေးမြီပေးဆပ်နိုင်ခြေအဆင့်သတ်မှတ်သည့်အေဂျင်စီ၊ မှတ်ပုံတင်အကြံပေးကုမ္ပဏီ"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၂၇ ၏ နောက်တွင် ပုဒ်မ ၂၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၇-က။ ကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဟု သတ်မှတ်သည့် အခြားလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလုပ်ကိုင်လိုသည့်ကုမ္ပဏီသည် သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ လိုင်စင်လျှောက်ထားနိုင်သည်။"

၇။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ(က)တွင် ပါရှိသော "ပုဒ်မ ၂၆ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ၂၇ ဆိုသည့်စကားရပ်ကို "ပုဒ်မ ၂၆ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၇-က" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၅။ (က) ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေလိုသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် -

(၁) ငွေချေးစာချုပ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များပါဝင်သည့် အကြောင်းအရာအကျဉ်းချုပ်ကို ကြွေးမြီပေးဆပ်နိုင်ခြေအဆင့်သတ်မှတ်သည့်အေဂျင်စီ၏ အဆင့်သတ်မှတ်ချက်နှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။

(၂) ငွေချေးစာချုပ်များမှတစ်ပါး ကျန်ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ အလားအလာညွှန်းတမ်းနှင့် ထုတ်ဝေခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များပါဝင်သော အကြောင်းအရာအကျဉ်းချုပ်တို့ကို ကော်မရှင်သို့ တင်ပြရမည်။

(၃) စတော့အိပ်ချိန်းတွင် အရောင်းအဝယ်ပြုလုပ်သော ကုမ္ပဏီဖြစ်ပါက ငွေချေးသက်သေခံလက်မှတ်များကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ လက်ရှိအစုရှယ်ယာရှင်များသို့ အချိုးကျထည့်ဝင်ခွင့်ပေးခြင်း(Rights Issue)ဖြင့် ကမ်းလှမ်းရောင်းချသည့်အခါ ကမ်းလှမ်းရောင်းချမှုဆိုင်ရာ စာရွက်စာတမ်း(Offering Letter) အား ကော်မရှင်သို့ ကြိုတင်တင်ပြရမည်။

(၄) အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့်အခါ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အတူ ကုမ္ပဏီ၏ အရေးကြီးသော အချက်အလက်များ ပါဝင်သည့် အလားအလာညွှန်းတမ်းကိုပါ ထုတ်ပြန်ကြေညာရမည်။

( ခ ) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁) သို့မဟုတ် (၂)အရ တင်ပြချက်အပေါ် ကော်မရှင်သည် ရက်ပေါင်း ၆၀ အတွင်း ဆုံးဖြတ်ပေးရမည်။"

၉။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၃၉ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) စတော့အိပ်ချိန်းသည် ပေးရန်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်စေ၊ ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းတည်ထောင်ထားသောကုမ္ပဏီဖြစ်စေ သင်းဖွဲ့စည်းမျဉ်းနှင့်စတော့အိပ်ချိန်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့နှင့်အညီ ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းရမည်။"

၁၀။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"( ခ ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်မည့် ငွေချေးသက်သေခံလက်မှတ်များအတွက် ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေသည့် ကုမ္ပဏီအား လိုအပ်သည့်စံများ သတ်မှတ်ခြင်း၊"

၁၁။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း(၈) ခေါင်းစဉ်၊ ပုဒ်မ ၄၄၊ ၄၅ နှင့် ၄၆ တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"အခန်း(၈)

**စာရင်းဝင်အကြိုစျေးကွက်၊ ကောင်တာစျေးကွက်နှင့် ဆင့်ပွားစာချုပ်စျေးကွက်**

၄၄။ စာရင်းဝင်အကြိုစျေးကွက်၊ ကောင်တာစျေးကွက်နှင့် ဆင့်ပွားစာချုပ်စျေးကွက်တစ်ရပ်ရပ် တည်ထောင်လိုသည့်ကုမ္ပဏီသည် သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ လျှောက်ထားနိုင်သည်။

၄၅။ ကော်မရှင်သည်-

(က) ပုဒ်မ ၄၄ အရ လျှောက်ထားချက်အပေါ် ခွင့်ပြုရန် သင့် မသင့် စံသတ်မှတ်ချက်များနှင့်အညီ စိစစ်ရမည်။

( ခ ) ပုဒ်မခွဲ(က)အရ စိစစ်ပြီးနောက် စံသတ်မှတ်ချက်များနှင့် ကိုက်ညီပါက တည်ထောင်ခွင့်ပြုခြင်း သို့မဟုတ် ကိုက်ညီခြင်းမရှိပါက ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၆။ ကော်မရှင်၏ ခွင့်ပြုချက်အရ တည်ထောင်ခွင့်ပြုထားသည့် စျေးကွက်များသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိသည်။"

၁၂။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၄၇ နှင့် ၄၈ တို့တွင် ပါရှိသော "ကောင်တာစျေးကွက်"ဆိုသည့် စကားရပ်ကို "စာရင်းဝင်အကြိုစျေးကွက်၊ ကောင်တာစျေးကွက်နှင့် ဆင့်ပွားစာချုပ်စျေးကွက်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၅၅ ပုဒ်မခွဲ (ခ)နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

စာမျက်နှာ ၆ သို့ »»

»»» စာမျက်နှာ ၅ မှ

"(ခ) ကော်မရှင်၏ ခွင့်ပြုမိန့်မရရှိဘဲ စတော့အိပ်ချိန်း၊ စာရင်းဝင်အကြိုဈေးကွက်၊ ကောင်တာဈေးကွက် သို့မဟုတ် ဆင့်ပွားစာချုပ်ဈေးကွက်ကို ဖွဲ့စည်းတည်ထောင်ခြင်း၊ အဆိုပါ စတော့အိပ်ချိန်း၏လုပ်ငန်းများ သို့မဟုတ် ဈေးကွက်တစ်ခုခု၏ လုပ်ငန်းများ သဘောသက်ရောက်သော လုပ်ငန်းများဆောင်ရွက်ခြင်း မပြုရ။

(ဂ) ခွင့်ပြုမိန့်ရရှိထားသော စတော့အိပ်ချိန်း၊ စာရင်းဝင်အကြိုဈေးကွက်၊ ကောင်တာဈေးကွက် သို့မဟုတ် ဆင့်ပွားစာချုပ်ဈေးကွက်၏ အမည်ကို ခွင့်ပြုချက်မရရှိဘဲ အသုံးမပြုရ သို့မဟုတ် အဆိုပါ စတော့အိပ်ချိန်း သို့မဟုတ် ဈေးကွက်တစ်ခုခု၏ အဖွဲ့ဝင်အဖြစ် အယောင်ဆောင်ခြင်းမပြုရ။"

၁၄။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၅၇၊ ၅၉၊ ၆၃ နှင့် ၆၅ တို့တွင် ပါရှိသော "ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ" ဆိုသည့် စကားရပ်ကို "ငွေချေး သက်သေခံလက်မှတ် လုပ်ငန်းလိုင်စင်ရရှိထားသည့်ကုမ္ပဏီ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၅၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၈။ မည်သည့် ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်၏ ဝန်ထမ်း၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင်ရရှိထားသည့် ကုမ္ပဏီ၏ တာဝန်ရှိပုဂ္ဂိုလ်၊ ယင်းကုမ္ပဏီ၏ ဝန်ထမ်းမျိုးမိမိတို့၏ လုပ်ငန်းတာဝန်များဆောင်ရွက်စဉ် ရရှိသောသတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမှတစ်ပါး အခြားမသက်ဆိုင်သူတစ်ဦးဦးကို ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမပြုရ။"

၁၆။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၆၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၆၄။ မည်သည့်ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်၏ ဝန်ထမ်း၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းလိုင်စင်ရရှိထားသည့် ကုမ္ပဏီ၏ တာဝန်ရှိပုဂ္ဂိုလ်၊ ယင်းကုမ္ပဏီ၏ ဝန်ထမ်းမဆို ပုဒ်မ ၅၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## အပင်ပိုးမွှားကာကွယ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အပင်ပိုးမွှားကာကွယ်သည့်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ
( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဥပဒေအမှတ် ၅၃ / ၂၀၂၆ )
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အပင်ပိုးမွှားကာကွယ်သည့်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ည) နှင့် (ဋ) တို့တွင်ပါရှိသော **"လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ကို **"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေတွင်ပါရှိသော **"မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း"**ဆိုသည့် စကားရပ်ကို **"စိုက်ပျိုးရေးဦးစီးဌာန" ဆိုသည့်**စကားရပ်ဖြင့်လည်းကောင်း၊ **"ဦးဆောင်ညွှန်ကြားရေးမှူး"** ဆိုသည့် စကားရပ်ကို **"ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေပုဒ်မ ၁၆ တွင် ပုဒ်မခွဲ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၅ သိန်း"မှ အများဆုံးကျပ် "၂၅ သိန်း" အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၂၅ သိန်း" မှ အများဆုံးကျပ် "သိန်း ၅၀" အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း။

၅။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေပုဒ်မ ၁၇ တွင် ပုဒ်မခွဲ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၂ သိန်း ၅ သောင်း"မှ အများဆုံးကျပ် "၁၅ သိန်း" အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၁၅ သိန်း" မှ အများဆုံး ကျပ်"၂၅ သိန်း" အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

## မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်အရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲ ကျင်းပ






နေပြည်တော် ဧပြီ ၃

အရာရှိလောင်း ဒီပလိုမာ သင်တန်းအမှတ်စဉ်(၁၇)သင်တန်း ဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီး ဦးဇော်ဝင်းထွန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူ များ၊ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများ၊ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံကုန်သွယ် ရေကြောင်းကောလိပ်၊ကျောင်းအုပ် ကြီး ဦးဇော်ဝင်းထွန်းက ကျောင်းဆင်းတပ်ခွဲကို စစ်ဆေးပြီး စစ်ရေးပြတပ်ခွဲများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုသည်။

ထို့နောက် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်၊ ကျောင်းအုပ်ကြီးက ကုန်သွယ် ရေကြောင်းအရာရှိလောင်း ဒီပလို မာသင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသော စံပြအရာရှိလောင်း (ရေကြောင်း)ဆုရ ပိုင်ဖြိုး၊ စံပြ အရာရှိလောင်း (အင်ဂျင်နီယာ) ဆုရရဲသွေးနိုင်၊စံပြအရာရှိလောင်း (လျှပ်စစ်နည်းပညာ) ဆုရ အရာ ရှိလောင်း အောင်ကောင်းမြတ်၊ ကုန်သွယ်ရေကြောင်း အရာရှိ လောင်း စာပေထူးချွန်ဆုရ ချမ်းမြေ့ကျော်၊ အင်ဂျင်နီယာ အရာရှိ လောင်း စာပေထူးချွန်ဆုရ စည်သူနိုင်၊ လျှပ်စစ်နည်းပညာ အရာရှိ လောင်း စာပေထူးချွန် ဆုရ စိုင်းကောင်းသန့်တို့အား ဂုဏ်ပြုဆု များ ပေးအပ်ချီးမြှင့်ပြီး သင်တန်း ဆင်း မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ထူးချွန်ဆုရ အရာရှိလောင်းခြောက်ဦးနှင့် ၎င်းတို့၏မိဘများအားတွေ့ဆုံဂုဏ်ပြု အမှာစကားပြောကြားသည်။

ဆက်လက်၍ ဘွဲ့နှင်းသဘင် အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ် ကျောင်းအုပ်ကြီးက ရေကြောင်းအရာရှိလောင်း ၁၂၄ ဦး၊ ရေကြောင်း အင်ဂျင်နီယာ အရာရှိလောင်း၁၁၇ဦး၊ရေကြောင်း လျှပ်စစ်နည်းပညာအရာရှိလောင်း ၃၇ ဦး စုစုပေါင်း ၂၇၈ ဦးတို့ကို ဒီပလိုမာလက်မှတ်နှင့် သင်တန်း ဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ကုန်သွယ်ရေကြောင်း အရာ ရှိလောင်း ဒီပလိုမာသင်တန်း စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၃ ခုနှစ်မှ ယနေ့အထိ ၆၃ နှစ်တာကာလ အတွင်း ရေကြောင်းအရာရှိ လောင်း ၃၀၆၈ ဦး၊ ရေကြောင်း အင်ဂျင်နီယာ အရာရှိလောင်းနှင့် ရေကြောင်း လျှပ်စစ်နည်းပညာ အရာရှိလောင်း ၃၀၅၉ ဦး စုစုပေါင်းအရာရှိလောင်း ၆၁၂၇ ဦး၊ ရေကြောင်းအရာရှိ ၈၇၄၅၄ ဦး၊ အင်ဂျင်နီယာအရာရှိ ၂၉၅၇၂ ဦးနှင့် အခြားအဆင့် သင်တန်းသား ၁၆၄၂၉၉ ဦး တို့ကို မွေးထုတ်ပေးနိုင်ခဲ့ကာ ယနေ့အထိ ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူစုစုပေါင်း ၂၈၇၄၅၂ ဦးတို့ကို လေ့ကျင့် သင်ကြား မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။ သင်တန်းပြီးမြောက် ခဲ့သည့် အရာရှိလောင်းများအနက် လက်ရှိအချိန်တွင် ရေယာဉ်မှူးကြီး (Captain) အဆင့် ၇၂၁ ဦး၊ ကုန်းပတ်အရာရှိချုပ်(Chief Officer)အဆင့် ၇၀၁ ဦး၊ ဒုတိယ တန်းကုန်းပတ်အရာရှိ (Second Officer)အဆင့် ၆၅၂ ဦး၊ တတိယ တန်း ကုန်းပတ်အရာရှိ (Third Officer)အဆင့် ၈၅၉ ဦးနှင့် အင်ဂျင်နီယာမှူးကြီး (Chief Engineer) အဆင့် ၆၈၅ ဦး၊ ဒုတိယတန်း စက်မှုလက်မှုအရာရှိ (2nd Engineer)အဆင့် ၆၇၂ ဦး၊ တတိယတန်း စက်မှုလက်မှုအရာရှိ (3rd Engineer) အဆင့် ၁၅၃၅ ဦးတို့သည် နိုင်ငံတကာ သင်္ဘောများပေါ်တွင် အမြင့်ဆုံးရာထူးဖြင့် တာဝန်များ ထမ်းဆောင်လျက် ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

နေပြည်တော် ဧပြီ ၃

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံး ပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)၊ မြန်မာနိုင်ငံ လိုင်စင်ရကုန်ထရိုက်တာများ အသင်းချုပ်(Federation of MLCA)၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်း၊ မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)၊ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး အသင်း၊ မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်း၊ မြန်မာ-တရုတ် ဗုဒ္ဓဘာသာချစ်ကြည်နီးနှောဖလှယ်ရေးအဖွဲ့(MCBFEA)၊ လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(IUCO)၊ ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့၊ မြန်မာ-တရုတ် အမျိုးသမီးများအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမိလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)၊ "ဝ"ပြည် သွေးစည်းညီညွတ်ရေးပါတီ ဗဟို ကော်မတီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပေးလုံကျန်း ကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဂီတအစည်း အရုံး(ဗဟို)၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)တို့က အထူးဂုဏ်ယူဝမ်းမြောက် ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ သည့်အတွက်အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေ ကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါ ကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုး တိုးတက်ပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါ ကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏ တာဝန် များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြု အပ်ပါသည်။

**မြန်မာ-လာအို ချစ်ကြည်ရေးအသင်း**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် တတိယ အကြိမ်ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက် ရေးအဖွဲ့ အစည်းအဝေး၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခြင်းခံရပါသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်းမှ အထူးလေးစား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှင့် ယင်းသို့ နိုင်ငံတော်သမ္မတတာဝန်ကို အပ်နှင်းခံရခြင်းသည် နိုင်ငံတော်၊ ပြည်သူလူထုနှင့် တပ်မတော်အကျိုး၊ နိုင်ငံတော်၏အမျိုးသား အကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်အကျိုး ပြု၍ ခေါင်းဆောင်မှုပေးနိုင်သည်ကို ထူးကဲထင်ရှားစွာ တွေ့မြင်နိုင်ပါ သဖြင့် ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန် များကို ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာ ဆက်လက်ထမ်းဆောင် နိုင်ပါစေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

**မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်း**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော် က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏ တာဝန်များ ကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုအပ်ပါသည်။

**ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့.**

## အထူးဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော် က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါ ကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကာ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာတမိလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## အထူးဝမ်းမြောက်ဂုဏ်ပြုကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင် ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော် က တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်နိုင်ပါစေကြောင်းဆုမွန်ကောင်း တောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့်
စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော် က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါ ကြောင်းနှင့် ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-တရုတ် ဗုဒ္ဓဘာသာ
ချစ်ကြည်နီးနှောဖလှယ်ရေးအဖွဲ့(MCBFEA)**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော် က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါ ကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပြီး နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**မြန်မာ-တရုတ်အမျိုးသမီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော် က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက် မိပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော် ၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ
ပေးလုံကျန်းကုန်သည်ကြီးများအသင်းချုပ်**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော် က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါ သည်။ ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ် ပါသည်။

**မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်း**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆန္ဒပြုဂါရဝပြုအပ်ပါသည်။

**လူမျိုးပေါင်းစုံညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့(IUCO)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါ သည်။

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကာ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ်ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက် ပါသည်။

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များ ကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြု အပ်ပါသည်။

**မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေး၌ ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်းကြီး၏ ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို သမ္မတကြီးအဖြစ် ရွေးချယ်ခံရသည့်အတွက် အသင်းကြီးအနေဖြင့် အထူးပင်ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုပါကြောင်း။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့.
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)**

# အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက်မဲပေးရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းဆန္ဒပြုအပ်ပါသည်။

**မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ်(Federation of MLCA)**

# စက်သုံးဆီဝယ်ယူမှုများနှင့်ပတ်သက်၍ Call Center သို့ သတင်းပေးပို့တိုင်ကြားလာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၃

ပြည်သူများ စက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရန် စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ထားသော အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code များဖြင့် နေပြည်တော် ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ ပဲခူး၊ ပြင်ဦးလွင်နှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် အမြန်လမ်းမကြီး တစ်လျှောက်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချပေးလျက်ရှိပြီး ပြည်သူများက တွေ့ကြုံရသည့်အခက်အခဲများနှင့် သိရှိလိုသည်များကို Call Center မှ နေ့စဉ် နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ မေးမြန်းလာမှုများအပေါ် ဖြေရှင်းပြန်ကြား ဆောင်ရွက်ပေးလျက်ရှိသည်။










Call Center သို့ တိုင်ကြားလာမှုအရ တရားမဝင်စက်သုံးဆီ သိုလှောင်ရောင်းချနေမှုများအား ဖမ်းဆီးရမိမှု ဓာတ်ပုံမှတ်တမ်းများ။

ပြည်သူများအနေဖြင့် Call Center သို့ သိရှိလိုသည်များ မေးမြန်းခြင်း၊ သတင်းပေးပို့တိုင်ကြားလာခြင်းများ အပေါ် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဗောဓိကုန်းကျေးရွာ ရန်ကုန်-မန္တလေးအမြန်လမ်း ၁၃၈ မိုင်ရှိ "BOC" စက်သုံးဆီအရောင်းဆိုင်သည် စက်သုံးဆီများကို ကန့်သတ်ရောင်းချနေကြောင်း Call Center သို့ တိုင်ကြားလာမှုအရ စစ်ဆေးဆောင်ရွက်ခဲ့ရာ 92 Ron နှင့် 95 Ron စက်သုံးဆီအမျိုးအစားများကို သတ်မှတ်ညွှန်ကြားချက်များနှင့်အညီ ရောင်းချခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိမှုအရ အရောင်းဆိုင်အား နောက်ဆုံးအကြိမ် သတိပေးထားရှိပြီး စက်သုံးဆီများကို ကန့်သတ်ရောင်းချကြောင်း ထပ်မံ စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးခြင်း၊ အရောင်းဆိုင်မန်နေဂျာဖြစ်သူအား ကုမ္ပဏီစည်းကမ်းဖြင့် ထိရောက်စွာ အရေးယူစေခြင်းများ ဆောင်ရွက်ခဲ့သည်။

ယနေ့အထိ Call Center သို့ တိုင်ကြားလာမှုအရ အရောင်းဆိုင်ယာယီပိတ်သိမ်းခြင်းနှင့် အရောင်းဆိုင်မှ တာဝန်ရှိသူများအား အရေးယူထားရှိမှုအနေဖြင့် နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ စုစုပေါင်းစက်သုံးဆီအရောင်းဆိုင် ၁၈ ဆိုင်ကို အရေးယူထားရှိခဲ့ပြီးဖြစ်သည်။

တရားမဝင် ရောင်းချမှုများကို အရေးယူဆောင်ရွက်မှုအနေဖြင့် စွမ်းအင်ဝန်ကြီးဌာန Call Center သို့ တိုင်ကြားလာသည့် သတင်းများအရ တရားမဝင်စက်သုံးဆီ ဖြန့်ဖြူးရောင်းချမှုများကို ဥပဒေနှင့်အညီ အမှုဖွင့်လှစ်အရေးယူဆောင်ရွက်မှုအနေဖြင့် မြောက်ဒဂုံမြို့နယ် (၂၉) ရပ်ကွက် အောင်သစ္စာလမ်း အိမ်အမှတ် ၃၃၃ ရှိ ဦးကျော်မြင့်၏ နေအိမ်တွင် ဒီဇယ်ဆီဟု ယူဆရသော စက်သုံးဆီ ဂါလန် ၅၀ အား ပီပါသုံးလုံးအတွင်း သိုလှောင်ထားရှိပြီး ဆီစုပ်ပန့် နှစ်လုံး၊ လက်ရိုက်ပန့် နှစ်လုံးတို့အား စစ်ဆေးတွေ့ရှိရခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းနံဘေး၌ ယာဉ်အမှတ် 3L/1717 Alphard အမျိုးအစားယာဉ်သည် ယာဉ်ရှိဆီတိုင်ကီမှ ဆီကို ပိုက်ဖြင့် ထုတ်ယူရောင်းချလျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး အဆိုပါလမ်းနံဘေးရှိ ဦးဝသုန်ပိုင် တရားမဝင်ဆီ ရောင်းချသူထံမှ ဒီဇယ်ဆီဟု ယူဆရသော စက်သုံးဆီ ဂါလန် ၉၀ နှင့် ဓာတ်ဆီဟု ယူဆရသော စက်သုံးဆီ ၄၈ ဂါလန်ကို စစ်ဆေးတွေ့ရှိရသဖြင့် တရားမဝင် စက်သုံးဆီ ရောင်းချသူ ယာဉ်မောင်း ဦးဝင်းမင်းထွန်းနှင့် တရားမဝင် စက်သုံးဆီများ သိုလှောင်ရောင်းချနေသူ ဦးဝသုန်တို့ နှစ်ဦးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်။

ပြည်သူများအနေဖြင့် Bar Code/ QR Code များကို Scan ဖတ်၍ စက်သုံးဆီဝယ်ယူရာတွင် တွေ့ကြုံရသည့် နည်းပညာဆိုင်ရာ အခက်အခဲများနှင့် အခြားတင်ပြတိုင်ကြားလိုသည်များ ရှိပါက စွမ်းအင်ဝန်ကြီးဌာန Call Center ဖုန်းအမှတ်များဖြစ်သည့် ၀၉-၂၅၀၁၁၁၂၂၂၊ ၀၉-၂၅၀၁၁၁၃၃၃၊ ၀၉-၄၄၀၄၃၃၃၂၄၊ ၀၉-၈၉၉၁၂၉၂၉၆ နှင့် Viber ဖုန်းအမှတ် ၀၉-၄၀၁၇၄၈၅၉၈ တို့သို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် တိုင်ကြားလာမှုအပေါ် မှန်ကန်ကြောင်း စိစစ်တွေ့ရှိရပါက ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ "ရွှေစင်ဝင်း"ရွှေဆိုင်နှင့် တောင်ဥက္ကလာပမြို့နယ်ရှိ "ရောင်နီဦး"ရွှေဆိုင်တို့အား သေနတ်ပစ်ဖောက်လုယက်မှုကျူးလွန်ခဲ့ကြသည့် တရားခံ အမျိုးသားသုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၃

၂၀၂၆ ခုနှစ် မတ် ၂၈ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၈)ရပ်ကွက်ရှိ "ရွှေစင်ဝင်း" ရွှေဆိုင်တွင် ဆိုင်ရှင်ဖြစ်သူသည် ဆိုင်ဝန်ထမ်းဖြစ်သူနှင့်အတူ ဆိုင်ရှိ ရွှေဆွဲကြိုး ၁၈၄ ကုံးပါ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၁ ပိဿာ ၅၀ ကျပ်သားခန့်၊ တန်ဖိုးငွေကျပ် သိန်း ၈၅၀၀ ခန့်အား ခရီးဆောင်အိတ်ဖြင့် သိမ်းဆည်းပြီး ဆိုင်ပိတ်ကာ နေအိမ်သို့ ပြန်ရန် မော်တော်ယာဉ်အား စောင့်ဆိုင်းနေစဉ် အမျိုးသားနှစ်ဦးရောက်ရှိလာပြီး သေနတ်ပစ်ဖောက် ခြိမ်းခြောက်ကာ ကားဘီးဖြုတ်သည့် ဂွင်းဂွဖြင့် ရိုက်နှက်ပြီး ရွှေထည်ပစ္စည်းများထည့်ထားသော အိတ်အားလုယက်ယူဆောင်၍ အသင့်စောင့်နေသည့် အမျိုးသားတစ်ဦး မောင်းနှင်သည့် ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့ကြောင်း သတင်းပေးပို့တိုင်ကြားလာသဖြင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့မရဲစခန်း၌ (ပ)၇၆/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်လှစ်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။



ဖမ်းဆီးရမိတရားခံ မှန်ကြီး(ခ)သက်နောင်၊ ဇော်လင်းထွန်းနှင့် စည်သူ တို့သုံးဦးကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူ တရားခံများအား ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ရာတွင် ပါဝင်သူ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၄)ရပ်ကွက်နေ ဇော်လင်းထွန်း (၃၃) နှစ် (ဘ)ဦးထွန်းသောင်းအား ၎င်း၏ဇာတိဖြစ်သော ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ညောင်တေးကျေးရွာရှိ နေအိမ်၌ ဧပြီ ၁ ရက် ညပိုင်းတွင် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်လင်းထွန်း၏ ထွက်ဆိုချက်အရ သေနတ်ပစ်ဖောက်လုယက်မှု ကျူးလွန်သူ မှန်ကြီး(ခ)သက်နောင်(၅၈)နှစ် (ဘ)ဦးသိန်းအား ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မင်းရဲရပ်ကွက်ရှိ ရသာမွှန်စားသောက်ဆိုင်၌ ဧပြီ ၂ ရက် ညပိုင်းတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံဇော်လင်းထွန်းသည် "ရွှေစင်ဝင်း" ရွှေဆိုင်အား လုယက်မှုမကျူးလွန်မီ ပတ်ဝန်းကျင်အခြေအနေအား စုံစမ်းလေ့လာစောင့်ကြည့်ခြင်းများ ပြုလုပ်ပေးခဲ့ပြီး တရားခံ မှန်ကြီး(ခ)သက်နောင်နှင့် သက်ပိုင်ဦး(ဖမ်းဆီးရန်ကျန်)တို့နှစ်ဦးက သေနတ်ပစ်ဖောက်၍ လုယက်ခဲ့ကြကြောင်း၊ ဇော်လင်းထွန်းက ဆိုင်ကယ်မောင်းနှင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရပြီး တရားခံ မှန်ကြီး(ခ)သက်နောင်ထံမှ ရွှေထည်ပစ္စည်းမျိုးစုံ ၃၀၅ ခု၊ ငွေကျပ်သိန်း ၂၄၀၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် KUZEY-GN19 စာတန်းပါ ပစ္စတိုသေနတ် တစ်လက်၊ PAC 380 AUTO ကျည် ၁၃ တောင့်၊ THAI ARMS-380 ACP ကျည်နှစ်တောင့်၊ ကျည်ဘောက်နှစ်ခု၊ ပစ္စတိုသေနတ်ထည့်သည့် MARMY စာတန်းပါအစိမ်းရောင်အိတ်တစ်ခုနှင့် ရွှေထည်ပစ္စည်းမျိုးစုံ ၆၅ ခုတို့အားလည်းကောင်း၊ ရွှေပေါက်ကံတံတားအောက် ငမိုးရိပ်ချောင်းအတွင်းမှ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Feiling 110 အမျိုးအစား အနက်ရောင်ဆိုင်ကယ်အား လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အမှုမှ တရားခံ မှန်ကြီး(ခ) သက်နောင်နှင့် ဇော်လင်းထွန်းတို့၏ထွက်ဆိုချက်အရ ၂၀၂၅ ခုနှစ် ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းတွင် ၎င်းတို့နှစ်ဦးသည် စည်သူ(၃၈)နှစ် (ဘ)ဦးတင်ထွန်းနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၆)ရပ်ကွက် နန္ဒဝန်ဈေးအနီးရှိ "ရောင်နီဦး" ရွှေဆိုင်အား လုယက်မှုကျူးလွန်ခဲ့ကြသည့် တရားခံများဖြစ်ကြောင်း ဖော်ထုတ်ရရှိသဖြင့် တရားခံ စည်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဧပြီ ၂ ရက်တွင် ၎င်းကို မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် ရွှေပင်လယ်ဘုန်းကြီးကျောင်းအနီး၌ သက်သေခံ ဆိုင်ကယ်နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

"ရွှေစင်ဝင်း"ရွှေဆိုင်နှင့် "ရောင်နီဦး" ရွှေဆိုင်တို့ကို သေနတ်ပစ်ဖောက်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများလုယက်မှုကျူးလွန်ခဲ့ကြသည့် တရားခံများအား ပြည်သူလူထုပူးပေါင်းပါဝင် ကူညီမှုဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံ မှန်ကြီး(ခ) သက်နောင်၊ ဇော်လင်းထွန်းနှင့် စည်သူ တို့သုံးဦးကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်တရားခံ သက်ပိုင်ဦးအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေး



**တောင်တွင်းကြီး ဧပြီ ၃**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မှုများလျော့နည်းစေရန်ရည်ရွယ်၍ ကျွဲကန်ကျေးရွာအုပ်စု၊ ရွှေညောင်ပင်ကျေးရွာရှိ ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းက မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းနှင့် မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးစောမောင်က မီးဘေးလုံခြုံကာကွယ်ရေး အသိပညာပေး ဆွေးနွေးရခြင်း၏ ရည်ရွယ်ချက်များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ မီးအတန်းအစားခွဲခြားခြင်းများ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေသည့် အဓိကအကြောင်းအရင်းများ၊ လျှပ်စစ်ဝါယာရှော့မဖြစ်အောင်ကာကွယ်ရမည့် နည်းလမ်းများ၊ မီးကိုမပေါ့ဆကြရန်နှင့် မီးလောင်ပါက ပစ္စည်းဆုံးရှုံးမှုသာမက အသက်အိုးအိမ်များပါ ပျက်စီးဆုံးရှုံးတတ်ကြောင်းနှင့် မီးသတ်ဆေးဘူး အသုံးပြုမှု အခြေခံနည်းလမ်းများအား ရှင်းလင်းဟောပြောခဲ့ပြီး သိရှိလိုသည့် အကြောင်းအရာများကို ပြန်လည်မေးမြန်းခဲ့ရာ မီးသတ်ဦးစီးဌာနမှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးရာတွင် ဒေသခံပြည်သူများ၏ လူနေအိမ်များ၊ ဈေးဆိုင်များနှင့် အသေးစားအိမ်တွင်းမှုလုပ်ငန်းခွင်များတွင် စနစ်တကျ မီးသုံးစွဲမှု ရှိ၊ မရှိ၊ လျှပ်စစ်ဝါယာကြိုးများ စနစ်တကျသွယ်တန်းထားမှု ရှိ၊ မရှိ တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေးပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရေလှောင်ကန်များတွင် ရေဖြည့်တင်းထားရှိရေး၊ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများထားရှိရေး၊ မီးလောင်လွယ်သည့် အရာဝတ္ထုပစ္စည်းများအား စနစ်တကျ သိုလှောင်ထားရှိရေး၊ ဖယောင်းတိုင်မီး၊ ခြင်ဆေးမီး၊ မီးဖိုမီးများအား စနစ်တကျ ငြိမ်းသတ်ပြီးမှ အိပ်ကြရန်၊ လျှပ်စစ်မီးအား သတိထားကိုင်တွယ်ကြရန်၊ တရားမဝင် လောင်စာဆီများ သိုလှောင်ခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ရန်၊ မိမိတို့နေအိမ်ပတ်ဝန်းကျင်ရှိ ရေအိုး၊ ရေစည်များကို ရေအပြည့်ဖြည့်ထားရန်နှင့် မီးသတိပြုဆောင်ရွက်နိုင်ရေး အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဓဲပုံ)

**နောင်နောင်(ဗိဿနိုးမြေ)**

✱ – ✱ – ✱ – ✱

✱ – ✱ – ✱ – ✱ – ✱ – ✱



## တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေး ကုန်ပစ္စည်းတင်မော်တော်ယာဉ်များအား ရှောင်တခင်စစ်ဆေး

**မြစ်ကြီးနား ဧပြီ ၃**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ လွယ်ခေါ်ကျေးရွာအုပ်စု၊ (၂၁)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေးအတွက် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များအား မတ် ၃၁ ရက် နံနက် ၉ နာရီက ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း ဦးဆောင်၍ ခရိုင်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ အဖွဲ့ဝင်များနှင့်အတူ ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ပန်ကာကွိုင် အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး ဧပြီ ၃**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅/N-1)၊ ၈လမ်းနှင့် ၉လမ်းကြား၊ ၈၆ လမ်းနှင့် ၈၇လမ်းကြား နေအိမ်တွင် မတ်တတ်ရပ်ပန်ကာအား လူစောင့်မရှိဘဲ ဖွင့်ထားခဲ့ရာမှ ပန်ကာကွိုင် အပူလွန်ကဲပြီး မီးလောင်မှု ဧပြီ ၂ ရက် နံနက် ၉ နာရီက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး ဦးဆောင်၍ ခရိုင်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မြို့နယ်မီးသတ်ယာဉ် တစ်စီး၊ အမရပူရနီအရှေ့ အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ညောင်ကွဲအရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးပျော်ဘွယ်အရန် မီးသတ်စခန်းမှ ရေသယ်ယာဉ် တစ်စီး၊ သန္တေတပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်တပ်ဖွဲ့ဝင် ၂၅ ဦးဖြင့် မီးငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် ၁၂ × ၁၄ ပေ၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း နှစ်ထပ်၊ နေအိမ် တစ်လုံးနှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာသုံးစွဲသူ အိမ်ငှားအား အမှတ်(၄)နယ်မြေရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၀၅၇)

✱ – ✱ – ✱ – ✱ – ✱ – ✱

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦး သေဆုံး

**ဒိုက်ဦး ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၁ ရက် ညနေ ၆ နာရီ မိနစ် ၂၀တွင် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ပေါက်တပင်ကျေးရွာအနီး ရန်ကုန် - မန္တလေးကားလမ်း (လမ်းဟောင်း)မိုင်တိုင်အမှတ် ၆၂ မိုင် ၇ ဖာလုံနှင့် ၆၃ မိုင် ၀ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဖောင်တော်သီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မြို့မှ မန္တလေးမြို့ဘက်သို့ ညောင်လေးပင်မြို့နယ်၊ မြို့မ(၅)ရပ်ကွက်နေ ဦးကျော်ဇင်လတ်(၄၁)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ရန်မျိုးအောင်(၃၈)နှစ်ဆိုသူ လိုက်ပါလာသော BGO-27/3J MITSUBISHI ROSA မော်တော်ယာဉ်နှင့် မန္တလေးမြို့မှ ရန်ကုန်မြို့ဘက်သို့ ဒိုက်ဦးမြို့နယ်၊ ရှမ်းစုကျေးရွာနေ ဦးဇင်မင်းဦး(၃၆)နှစ်ဆိုသူ မောင်းနှင်လာသော ဆိုင်ကယ်တို့မှာ အခင်းဖြစ်နေရာအရောက်၌ မျက်နှာချင်းဆိုင်ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးဇင်မင်းဦးဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သောကြောင့် ကျော်ဇင်လတ်နှင့် ဇင်မင်းဦးဆိုသူ နှစ်ဦးအား ဖောင်တော်သီနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

✱ – ✱ – ✱ – ✱ – ✱ – ✱



## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်(Community Monitoring and Reporting System-CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက်မှ ၂၉ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် ကျွန်း ၂၈ ဒသမ ၆၄၃၈ တန်၊ သစ်မာ ၅၀ ဒသမ ၃၈၁၈ တန်၊ အခြား ၅၃ ဒသမ ၃၈၅၈ တန် စုစုပေါင်း ၁၃၂ ဒသမ ၄၁၁၃ တန်၊ ယာဉ်/ယန္တရား ခြောက်စီး၊ တရားခံ ၁၂ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

(ဓဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

✱ – ✱ – ✱ – ✱ – ✱ – ✱

## မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၌ ဆိုင်ခန်းမီးလောင်မှုဖြစ်ပွား

**ပခုက္ကူ ဧပြီ ၃**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၌ ဧပြီ ၁ ရက် နံနက် ၁၁ နာရီ ၃၅ မိနစ်ခန့်က ပိုင်ရှင် ဦးစိုးအောင်(၇၅)နှစ်ဆိုသူ ပိုင်ဆိုင်သော ဆိုင်ခန်းအငှားဖြစ်သူ ဦးရဲနိုင်အောင်(၃၄)နှစ်ဆိုသူ၏ ၃၃ × ၄၃ ပေ၊ သွပ်မိုး၊ သွပ်ကာ ကုန်စုံဆိုင်တွင် Air Con Safeguard အပူလွန်ကဲရာမှ မီးစတင်လောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပခုက္ကူခရိုင် မြို့နယ်မီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် ၁၂ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၅၀တွင် မီးငြိမ်းခဲ့သည်။



အဆိုပါမီးလောင်မှုကြောင့် ၃၃ × ၄၃ ပေ၊ သွပ်မိုး၊ သွပ်ကာ ဆိုင်ခန်း တစ်ခန်း၊ Air Con တစ်လုံး၊ ကုန်စုံပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ဆိုင်ခန်းအငှားဖြစ်သူ ဦးရဲနိုင်အောင်ဆိုသူအား ပခုက္ကူမြို့မရဲစခန်းမှ အမှု ဖွင့်အရေးယူထားကြောင်း သိရသည်။

(ဓဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

✱ – ✱ – ✱ – ✱ – ✱ – ✱

# ၂၀၂၆ ခုနှစ် "လက်ဖက်ယဉ်ကျေးမှုဆင်နွဲ ဒြပ်မဲ့သနပ်ခါးအလှ မန်းသင်္ကြန်ပွဲ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် **"လက်ဖက်ယဉ်ကျေးမှုဆင်နွဲ ဒြပ်မဲ့သနပ်ခါးအလှမန်းသင်္ကြန်ပွဲ"**ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိကြသူများအား ထိုက်တန်စွာ ဆုချီးမြှင့်ပါမည်။

ပြိုင်ပွဲစည်းကမ်းချက်များ

၁။ ပြိုင်ပွဲဝင်တစ်ဦးသည် ဓာတ်ပုံအရွယ်အစား(၁၀ လက်မ၊ ၁၄ လက်မ)အလျားလိုက် ရောင်စုံဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်သူ အမည်တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိက ဆုစာရင်းပယ်ဖျက်ပါမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် အောက်ပါအချက်အလက်များ ပါဝင်ရမည်။

(က) မန္တလေး၏အငွေ့အသက်

(ခ) မြန်မာ့ယဉ်ကျေးမှုအငွေ့အသက်

(ဂ) သင်္ကြန်အငွေ့အသက်

(ဃ) သနပ်ခါးနှင့် လက်ဖက်ယဉ်ကျေးမှုကို ဖော်ကျူးပြသခြင်း။

၂။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ် သင်္ကြန်ပွဲတော်ကာလ လမ်းလျှောက်သင်္ကြန်ပွဲအတွင်း ရိုက်ကူးထားသော ပုံများဖြစ်ရပါမည်။ ပြိုင်ပွဲဝင်ပုံများသည် အခြားပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ဆုရထားပြီးပုံများ မဖြစ်စေရ။ စီးပွားရေးကြော်ငြာများ၊ မီဒီယာများနှင့် Website များတွင် အသုံးပြုပြီးပုံများ မဖြစ်စေရ။ ၄င်းတို့နှင့် ဆင်တူယိုးမှားပုံများ မဖြစ်စေရ။

၃။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာလျှင် တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာဖြစ်ပေါ်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုများကို ပြန်လည်ရုပ်သိမ်းမည်။

၄။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် နိုင်ငံတော်၏ မူဝါဒ ဆန့်ကျင်သောပုံများ၊ အမျိုးသားယဉ်ကျေးမှုနှင့် ဆန့်ကျင်သောပုံများ၊ တည်ဆဲဥပဒေနှင့် ငြိစွန်းသောပုံများ မဖြစ်စေရ။ ပုံထဲမှရှိနေသည့် အရာဝတ္ထုများအား ဖယ်ထုတ်ခြင်း၊ မရှိသည့်အရာဝတ္ထုများ ထည့်သွင်းခြင်း မပြုလုပ်ရ။ အလွန်အကျူးပြုပြင်ထားသောပုံများ မဖြစ်စေရ။ ရိုက်ကူးသည့် မူရင်းပုံအား အလင်းအမှောင်၊ Cropping၊ ကာလာချိန်သည့် ပြိုင်ပွဲပုံများ ဖြစ်ရမည်။ ယခင်ပုံဟောင်းများ မဖြစ်စေရ။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု(၇)ဆုအား ထိုက်တန်စွာ ဆုချီးမြှင့်မည်။ ပြိုင်ပွဲဝင်တစ်ဦးသည် ပြိုင်ပွဲတွင်(ပထမ၊ ဒုတိယ၊ တတိယ)ဆုကြီး (၁)ဆုနှင့် နှစ်သိမ့်ဆု (၁)ဆုသာလျှင် ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုလိုသော မည်သည့်ကိစ္စတွင်မဆို အသုံးပြုရန် သဘောတူခွင့်ပြုရမည်။

၇။ ပြိုင်ပွဲဓာတ်ပုံများကို Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူးယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, Gopro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ရိုက်ကူးထားသည့် မူရင်း Print File တို့ကို CD ဖြင့် တစ်ပါတည်း တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို **(၂၁-၄-၂၀၂၆)ရက်၊ (အင်္ဂါနေ့) (နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း)** မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးသို့ ပေးပို့ရပါမည်။

၉။ ပဏာမရွေးချယ်ခြင်းကို **(၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့) (ညနေ ၄:၀၀ နာရီ)** တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ နိုင်ငံတကာဓာတ်ပုံပြိုင်ပွဲစံနှုန်းများနှင့်အညီ ဝါရင့်ဓာတ်ပုံပညာရှင်ကြီးများ၏ ပဏာမစိစစ်ရွေးချယ်ခြင်းကို ဆောင်ရွက်သွားပါမည်။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံရှင်များထံ အချိန်မီအကြောင်းကြားပေးမည် ဖြစ်ပါသည်။

၁၀။ ဆန်ခါတင်ရွေးချယ်ခံရသော ဓာတ်ပုံများကို **(၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၉:၀၀ နာရီ) မှ (၂၉-၄-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) (ညနေ ၆:၀၀ နာရီ)** အထိ MCDC Facebook Page တွင်တင်ပြီး Like ရရှိမှုအရေအတွက်ပေါ်မူတည်၍ ဆုရွေးချယ်သွားမည် ဖြစ်ပါသည်။

၁၁။ ပြိုင်ပွဲဝင်ပုံတိုင်း၏ နောက်ကျောတွင် **အမည်၊ မှတ်ပုံတင်အမှတ်၊ ဖုန်းနံပါတ်၊ လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးထားသည့် ခံဝန်ချက်ပြည့်စုံစွာ ရေးထားသော စာရွက်များကို** တိပ်ဖြင့် သေချာစွာ ကပ်ပေးရမည်။ ပြိုင်ပွဲပုံ၏ နောက်ကျောတွင် မည်သည့်အမှတ်အသားမှ မပါရှိစေရ။ ပုံတွင်လည်း ရေစာအမှတ်အသား မပါစေရ။

၁၂။ ဆုရွေးချယ်ခံထားရသော ဆုရပုံများအား ကန့်ကွက်လိုပါက ပြိုင်ပွဲစိစစ်ရေးကော်မတီသို့ ဆုရွေးချယ်ထုတ်ပြန်ပြီးအတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူဘက်မှ မှန်ကန်ပါက ဆုစာရင်းပယ်ဖျက်မည်။ ဆုရရှိသူဘက်မှ မှန်ကန်ပါက ဆုကို ဆက်လက်အတည်ပြုမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

# ၂၀၂၆ ခုနှစ် 'ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ' ဓာတ်ပုံပြိုင်ပွဲ

၂၀၂၆ ခုနှစ် မဟာသင်္ကြန်တွင် "ပျော်ရွှင်ဆင်နွဲ မန်းသင်္ကြန်ပွဲ"ခေါင်းစဉ်ဖြင့် ဓာတ်ပုံပြိုင်ပွဲကျင်းပပါမည်။ ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုများထိုက်တန်စွာ ချီးမြှင့်ပါမည်။

**ပြိုင်ပွဲစည်းကမ်းချက်များ**

၁။ ၁၀ လက်မ × ၁၄လက်မအရွယ် ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။

၂။ ဓာတ်ပုံပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံ(၄)ပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်သူအမည် တစ်ခုထက်ပိုပြီး မယှဉ်ပြိုင်ရ။ ယှဉ်ပြိုင်သည်ကို တွေ့ရှိပါက ဆုစာရင်းကိုပယ်ဖျက်မည်။

၃။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ၂၀၂၆ ခုနှစ်၊ သင်္ကြန်ပွဲတော်တွင် ရိုက်ကူးထားသောပုံ ဖြစ်ရမည်။ ပုံဟောင်းများ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရပါ။

၄။ ဓာတ်ပုံများကို ကိုယ်တိုင်ရိုက်ကူးသူကသာ တာဝန်ယူတင်သွင်းရမည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်သည့် အရှုပ်အရှင်းပြဿနာ ပေါ်ပေါက်ပါက ပြိုင်ပွဲဝင်သူက တာဝန်ယူဖြေရှင်းရမည်ဖြစ်ပြီး ပေးအပ်ထားသော ဆုကို ပြန်လည်ရုပ်သိမ်းမည်။

၅။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအား ထိုက်တန်စွာ ချီးမြှင့်မည်။ ပြိုင်ပွဲဝင်သူတစ်ဦးသည် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု (၇)ဆုအနက် တစ်ဆုသာ ခံစားခွင့်ရှိသည်။

၆။ ပြိုင်ပွဲဆုရဓာတ်ပုံများကို မန္တလေးတိုင်းဒေသကြီးအစိုးရ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့က လိုအပ်သလို အသုံးပြုမည်။

၇။ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် Digital DSLR နှင့် Mirrorless ကင်မရာများဖြင့် ရိုက်ကူး၍ ယှဉ်ပြိုင်ခွင့်ပြုသည်။ Drone Camera, Phone, GoPro နှင့် အလားတူ ကင်မရာများဖြင့် ရိုက်ကူးထားသောပုံများ ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင် ရိုက်ကူးထားသည့် မူရင်းဖိုင် Print File တို့ကို CD ဖြင့် တင်ပြရမည်။

၈။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို (၂၂-၄-၂၀၂၆)ရက်၊ (ဗုဒ္ဓဟူးနေ့)၊ (နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၀၀ နာရီအတွင်း)မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ ဌာနမှူးရုံးခန်းသို့ ပေးပို့ရပါမည်။

၉။ ဓာတ်ပုံဆု ရွေးချယ်ခြင်းကို (၂၃-၄-၂၀၂၆)ရက်၊ (ကြာသပတေးနေ့) (နံနက် ၁၀:၀၀ နာရီ) တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးတွင် ပြုလုပ်မည်။

၁၀။ ဓာတ်ပုံဆုချီးမြှင့်ခြင်း အခမ်းအနားကို (၂၄-၄-၂၀၂၆)ရက်၊ (သောကြာနေ့) နံနက် (၁၀:၀၀နာရီ)တွင် ကျင်းပမည်ဖြစ်ပြီး ပြောင်းလဲမှုရှိပါက ဆုရရှိသူများအား အချိန်မီ အကြောင်းကြားပေးပါမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဥဒ္ဒိဿ စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ ထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်

**ပင်းတယ မေ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၊ ထွက်နီကျေးရွာအုပ်စု၊ ပါးမဲကျေးရွာ၊ ရွာဦး စေတီ နှစ်ကျိပ်ရှစ်ဆူဘုရားကိုယ်စားတော်များ ကိန်းဝပ်စံပယ်ရာ ဥဒ္ဒိဿစေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များ ထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲ အခမ်းအနားကြီးအား ယနေ့ ၁၃၈၇ ခု၊ တန်ခူးလပြည့် မေ ၄ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ရှေးဦးစွာ ထွက်နီကျေးရွာအုပ်စု၊ ပါးမဲကျေးရွာအဝင် ပင်လယ်ပြင်ရေမျက်နှာ အမြင့်ပေ ၆၇၀၀ ပေမြင့်သော တောင်ထိပ်ပေါ်တွင် အမြင့် ၅၈ တောင်မြင့်တော်မူသော နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓကိုယ်စားတော်များ စံပယ်ရာ 'ဥဒ္ဒိဿစေတီတော်မြတ်ကြီး' ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ရန် မင်္ဂလာအချိန်အခါသမယ၌ မဟာမြိုင်တောရကျောင်း ဆရာတော်ဘဒ္ဒန္တနာဂိန္ဒ ဦးဆောင်၍ စေတီတော်မတည်အလှူရှင် (ဦးခင်မောင်ထွန်း)+ ဒေါ်ပို့ပို့သားသမီး မြေးမြစ်(ပါဝါမောရှမ်းကုမ္ပဏီလီမိတက်)မိသားစု(ရန်ကုန်)၊ ပါးမဲကျေးရွာနှင့် ရပ်နီးရပ်ဝေးတို့မှ ဘုရားဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်မြတ်များအား ကြိုးဆွဲပန်းရထားဖြင့် တင်လှူပူဇော်ပေးကြ၍လည်းကောင်း၊ အရံစေတီတော်မြတ်ရှစ်ဆူ၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်မြတ်များအား ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က လက်ဆင့်ကမ်းပင့်ဆောင်ကုသိုလ်ယူပို့ဆောင်၍ ထီးတော်တင်လှူပူဇော်ပွဲ ကျင်းပရေးအဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များ ညွှန်ကြားပေးသည့်အတိုင်း တင်လှူပူဇော်၍ လည်းကောင်း စုပေါင်းဆောင်ရွက်ကြပြီး အလှူရှင်များက ရွှေမိုးငွေမိုးများ ပက်ဖျန်းရွာသွန်းပေးကြသည်။

ဆက်လက်၍ ပွဲတော်သို့ ကြွရောက်တော်မူပေးပါသော ကျောင်းတိုက်(၅၅)ကျောင်းမှ မြို့နယ် သံဃနာယကဆရာတော်နှင့် သံဃာတော်တို့က နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်စံပယ်ရာ စေတီတော်မြတ်အား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူတော်မူကြ၍ နေ့ဆွမ်းတော်နှင့် ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်များ ဆက်ကပ်လှူဒါန်းခဲ့ပြီး အလှူရှင်မိသားစုဝင်များနှင့် ရပ်နီးရပ်ဝေး ပွဲတော်လာ ဧည့်ပရိသတ်များအား ဇာဂဒါနထမင်းဟင်းများ တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(၃၃၈)

၀-၀-၀-၀-၀

၀-၀-၀-၀

# အာဆင်းနစ်အဆိပ်သင့်အန္တရာယ်

စာရေးသူတွင် ဆီးချိုရောဂါရှိသဖြင့် နောက်ပိုင်းတွင် ကျန်းမာရေးအတွက် ဆန်ဖြူမစားတော့ဘဲ လုံးတီးဆန်(ဆန်လုံးညို)ကိုသာ စီးတီးမတ်စသည်တို့မှ သန့်စင်ပြီးဆန်များ ဝယ်ယူစားသောက်နေရာမှ ညီမဖြစ်သူက ဆန်စက်တစ်ခုမှ လုံးတီးဆန်တစ်တင်းခွဲအိတ်လိုက်ဝယ်၍ပို့သဖြင့် သက်သာအောင် ထိုဆန်ကိုသာ ချက်စားခဲ့ပါသည်။ ထိုဆန်မှာ ဆီးချိုအတွက် ကောင်းသော်လည်း မကြာခဏ လေပွနေသဖြင့် တခုခုတော့မှားနေပြီဟု ထင်မိသော်လည်း မည်သို့ဖြစ်နေမှန်းမသိခဲ့ပါ။ နောက်ပိုင်းတွင်မှ ညီမမှ တစ်ဆင့် လုံးတီးဆန်စားသုံးနည်းအား အသိတစ်ဦးမှ မျှဝေလာ၍ သိရှိခဲ့ရသည်။ အဆိုပါ လုံးတီးဆန်များသည် အာဆင်းနစ်ဓာတ်အလွန်များနေ၍ ပုံမှန်ချက်သလိုမချက်ဘဲ ဆန်ကိုတစ်ရက်ကြို တင်စိမ်ထားပြီးမှ ဆေး၍ချက်ရန်၊ ဆန်သားနူးညံ့အောင် ဆန်နှိုဆီတစ်ဘူးလျှင် စားဆီလက်ဖက်ရည်ဇွန်း နှစ်ဇွန်းခန့်ထည့်၍ ချက်ရန်များကို အံ့သြစွာဖြင့် သိရှိခဲ့ရပါသည်။ ထိုအခါမှပင် အာဆင်းနစ်အဆိပ်အကြောင်းကို လေ့လာမိပြီး အများသိရှိစေရန် ယခုကဲ့သို့ ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် စိန်အဆိပ်ဟုလူသိများ စိန်ဒြပ်ပေါင်းအဆိပ် Arsenic (အာဆင်းနစ်)ဓာတ်သည် နိုင်ငံအများအပြား၏ မြေအောက်ရေတွင် သဘာဝအတိုင်းပမာဏများပြားစွာ ရှိနေတတ်သည်။ Arsenic ပါဝင်မှုများသော မသန့်ရှင်းသောရေကို သောက်သုံးခြင်း၊ အစားအစာပြင်ဆင်ခြင်းနှင့် သီးနှံများ စိုက်ပျိုးခြင်းများအတွက် အသုံးပြုသည့်အခါ ကျန်းမာရေးကို အကြီးမားဆုံး ခြိမ်းခြောက်မှုကို ဖြစ်စေနိုင်ပါသည်။ သောက်ရေနှင့် အစားအစာများမှတစ်ဆင့် Arsenicကို ကြာရှည်စွာ စားသုံးမိခြင်းသည် ကင်ဆာနှင့် အရေပြားရောဂါများကို ဖြစ်စေနိုင်သည်။ နှလုံးသွေးကြောဆိုင်ရာရောဂါနှင့် ဆီးချိုရောဂါတို့ကိုလည်း ဖြစ်စေနိုင်ပါသည်။ သန္ဓေသားဘဝနှင့် ကလေးငယ်များတွင် အာဆင်းနစ်ထိတွေ့မှုသည် မှတ်ဉာဏ်ဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်သော ဆိုးကျိုးများဖြစ်စေပြီး အရွယ်ရောက်ပြီး လူငယ်များတွင်လည်း သေဆုံးမှုကို မြင့်တက်စေနိုင်ပါသည်။

ဘေးကင်းသော ရေကောင်းရေသန့်ရရှိနိုင်အောင် ဆောင်ရွက်ပေးခြင်းဖြင့် Arsenic ဓာတ်နှင့် ထပ်မံထိတွေ့မှုကို တားဆီးကာကွယ်ခြင်းသည် လက်ရှိထိခိုက်ခံစားရသူများအတွက် အရေးကြီးဆုံး လုပ်ဆောင်ချက်ဖြစ်ပါသည်။ ကျန်းမာရေးအတွက် Arsenic ထိတွေ့မှု အန္တရာယ်အများဆုံးမှာ Arsenic ဓာတ်ပါဝင်သော မြေအောက်ရေမှ ဖြစ်ပါသည်။ အစားအစာအနေဖြင့် ငါး၊ ကမာ၊ ဂုံး ကဲ့သို့သော အခွံမာပင်လယ်စာများ၊ အသား၊ နို့နှင့် နို့ထွက်ပစ္စည်းများအပြင် ကောက်ပဲသီးနှံများတွင်လည်း Arsenic ပါဝင်နိုင်ပါသည်။ သို့သော် အဆိုပါ အစားအစာများမှ ထိတွေ့ရရှိမှုသည် Arsenic ပါဝင်သော မြေအောက်ရေမှ ထိတွေ့ရရှိမှုထက် များစွာနည်းပါးလှေ့ရှိပါသည်။ ပင်လယ်စာများတွင် တွေ့ရှိရသော Arsenic မှာ အများအားဖြင့် အဆိပ်သက်ရောက်မှု နည်းသော organic form အမျိုးအစား ဖြစ်ပါသည်။

Arsenic ကို စက်မှုလုပ်ငန်းများတွင် သတ္တုအလွှာ ရောစပ်ပစ္စည်းအဖြစ် အသုံးပြုသည်သာမက ဖန်ထည်ထုတ်လုပ်ခြင်း၊ ဆေးရောင်စပ်ပစ္စည်းများ၊ အထည်အလိပ်၊ စက္ကူထုတ်လုပ်ခြင်းတို့တွင်လည်း အသုံးပြုကြသည်။ ထို့အပြင် ပိုးသတ်ဆေးများ၊ တိရစ္ဆာန်အစာများနှင့် ဆေးဝါးအချို့တွင်လည်း ပမာဏအနည်းငယ်ခန့် ပါဝင်တတ်ပါသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲသူများသည် ဆေးရွက်ကြီးတွင် သဘာဝအတိုင်း ပါဝင်နိုင်သော Inorganic Arsenic ကြောင့် Arsenic အဆိပ်သင့်နိုင်ပါသည်။ ဆေးရွက်ကြီးပင်များသည် မြေကြီးထဲရှိ သဘာဝအတိုင်းရှိနေသော Arsenic ဓာတ်ကို စုပ်ယူနိုင်ပါသည်။ Inorganic arsenic သည် ကင်ဆာဖြစ်စေကြောင်း အတည်ပြုပြီးသား (confirmed carcinogen) ဖြစ်သည့်အပြင် ကမ္ဘာတစ်ဝန်းလုံး၌ သောက်သုံးရေထဲတွင် တွေ့ရှိရသော အရေးကြီးဆုံး ဓာတုညစ်ညမ်းပစ္စည်းများအနက်မှ တစ်ခုလည်း ဖြစ်ပါသည်။ Arsenic သည် organic form နှင့် inorganic form ဟူ၍ ပုံစံနှစ်မျိုး ရှိနိုင်ပါသည်။ ရေတွင်တွေ့ရသော inorganic arsenic သည် အဆိပ်သက်ရောက်မှုမြင့်မားပြီး အလွန်အန္တရာယ်ရှိပါသည်။ ပင်လယ်စာများတွင် တွေ့ရသော organic arsenic သည် အဆိပ်သက်ရောက်မှု နည်းပါးပြီး ကျန်းမာရေးအပေါ် ထိခိုက်မှုနည်းပါသည်။

Arsenic ရုတ်တရက်အဆိပ်သင့်မှုကြောင့် ဖြစ်ပေါ်သော အရေးပေါ်လက္ခဏာများမှာ အန်ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ ဖြစ်သည်။ ထို့အပြင် လက်နှင့် ခြေထောက်များတွင် ထုံကျဉ်၊ နာကျဉ်ခြင်းများ ခံစားရခြင်း၊ ကြွက်တက်ခြင်းတို့ ဖြစ်ပေါ်နိုင်ပြီး အလွန်ပြင်းထန်သော အခြေအနေများတွင် သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။

Arsenic ၏ inorganic form ကို အချိန်ကြာမြင့်စွာ ပမာဏများများ (ဥပမာ "သောက်သုံးရေနှင့် အစားအစာမှတစ်ဆင့်) ထိတွေ့မိပါက ပထမဦးဆုံးတွေ့ရမည့်လက္ခဏာများမှာ အရေပြားပေါ်တွင် ဖြစ်ပေါ်လာလေ့ရှိပြီး အရေပြားအရောင် ပြောင်းလဲခြင်း၊ အရေပြားကွဲခြင်း၊ လက်ဖဝါးနှင့် ခြေဖဝါးတွင် အရေပြားထူကြမ်းလာခြင်းတို့ကို တွေ့ရတတ်ပါသည်။ ဤလက္ခဏာများသည် အနည်းဆုံး ငါးနှစ်ခန့် ဆက်တိုက်ထိတွေ့မှုရှိပြီးမှ ပေါ်ပေါက်လာလေ့ရှိပြီး အရေပြားကင်ဆာဖြစ်ပေါ်နိုင်သည့် အစပျိုးလက္ခဏာများလည်း ဖြစ်နိုင်ပါသည်။ အရေပြားကင်ဆာအပြင် ဆီးအိမ်ကင်ဆာနှင့် အဆုတ်ကင်ဆာကိုလည်း ဖြစ်စေနိုင်ပါသည်။ International Agency for Research on Cancer (IARC) အဖွဲ့သည် Arsenicနှင့် Arsenic ပါဝင်သော ဓာတုပစ္စည်းများကို လူသားများတွင် ကင်ဆာဖြစ်စေနိုင်သော ပစ္စည်းအဖြစ် သတ်မှတ်ထားပါသည်။ ထို့အပြင် သောက်သုံးရေထဲရှိ Arsenic ကိုလည်း လူသားများတွင် ကင်ဆာဖြစ်စေနိုင်ကြောင်း အတည်ပြုထားပါသည်။

Inorganic arsenic ကို ရေရှည်စားသုံးမှုကြောင့် ကလေးငယ်များတွင် ဖွံ့ဖြိုးတိုးတက်မှု ထိခိုက်ခြင်း ဖြစ်စေနိုင်သည့်အပြင် ဆီးချိုရောဂါ၊ အဆုတ်ရောဂါများ၊ နှလုံးနှင့် သွေးကြောဆိုင်ရာ ရောဂါများကိုလည်း ဖြစ်စေနိုင်ပါသည်။ အထူးသဖြင့် Arsenic ကြောင့်ဖြစ်သော နှလုံးကြွက်သားသေဆုံးခြင်းသည် သေဆုံးမှုများကို တိုးမြင့်စေနိုင်သော အဓိကအကြောင်းရင်းတစ်ခုဖြစ်နိုင်ပါသည်။

Arsenic ထိတွေ့မှုသည် ကိုယ်ဝန်ဆောင်ရလဒ်မကောင်းခြင်းနှင့် မွေးကင်းစကလေး သေဆုံးမှုတို့နှင့် ဆက်စပ်နေပါသည်။ သန္ဓေသားဘဝ (သို့မဟုတ်) ကလေးငယ် ဘဝအစောပိုင်းတွင် Arsenic ထိတွေ့ခဲ့ပါက လူငယ်အရွယ်တွင် ကင်ဆာရောဂါအမျိုးမျိုး၊ အဆုတ်ရောဂါ၊ နှလုံးဖောက်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းကြောင့် သေဆုံးမှုနှုန်းမြင့်တက်နိုင်ကြောင်း တွေ့ရှိထားပါသည်။ ထို့အပြင် လေ့လာမှုများစွာတွင် Arsenic ထိတွေ့မှုသည် အသိစိတ်ဖွံ့ဖြိုးမှု၊ ဉာဏ်ရည်နှင့် မှတ်ဉာဏ်စွမ်းရည်တို့အပေါ် ဆိုးကျိုးဖြစ်စေနိုင်ကြောင်း ပြသထားပါသည်။

Arsenic အဆိပ်သင့်မှုဖြစ်ပွားနေသော လူထုများတွင် အရေးအကြီးဆုံး လုပ်ဆောင်ရမည့်အချက်မှာ သောက်သုံးရန်၊ အစားအစာပြင်ဆင်ရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုသော ရေကို ဘေးကင်းသော ရေအရင်းအမြစ်ဖြင့် အစားထိုးပံ့ပိုးပေးခြင်းအားဖြင့် Arsenic ထပ်မံထိတွေ့မှု မဖြစ်စေရန် ကာကွယ်ခြင်းဖြစ်ပါသည်။ သောက်သုံးရေတွင် Arsenic ပမာဏ လျှော့ချနိုင်ရန် နည်းလမ်းအမျိုးမျိုး ရှိပါသည်။မြေအောက်ရေကဲ့သို့ Arsenic ပမာဏများစွာပါဝင်သည့် ရေအရင်းအမြစ်အစား မိုးရေ သို့မဟုတ် သန့်စင်ထားသော မြေပေါ်ရေ (Treated surface water) (ဥပမာ - ကန်ရေ) ကဲ့သို့ Arsenic နည်းပြီး ပိုးမွှား အန္တရာယ်ကင်းသော ရေအရင်းအမြစ်များဖြင့် အစားထိုး အသုံးပြုနိုင်ပါသည်။ Arsenic နည်းသော ရေကို သောက်သုံးရန်၊ ဟင်းချက်ရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုပြီး Arsenic များသော ရေကို ရေချိုးခြင်း၊ အဝတ်လျှော်ခြင်းကဲ့သို့ စားသောက်ခြင်းနှင့် မသက်ဆိုင်သည့် လုပ်ငန်းများအတွက်သာ အသုံးပြုသင့်ပါသည်။ ရေတွင်ပါဝင်သော Arsenic ပမာဏကို စမ်းသပ်စစ်ဆေးပြီး ရေတွင်း (သို့မဟုတ်) ရေတံ့ကင်များကို Arsenic ပမာဏ အနည်းအများအလိုက် အရောင်ခွဲခြား ဆေးသုတ်ထားပြီး သတ်မှတ်နိုင်ပါသည်။ ဤနည်းလမ်းသည် ကျန်းမာရေးပညာပေးလုပ်ငန်းများနှင့် တွဲဖက်ဆောင်ရွက်ပါက ကုန်ကျစရိတ်နည်းပြီး လျင်မြန်ထိရောက်စွာ Arsenic ထိတွေ့မှုကို လျှော့ချနိုင်သော နည်းလမ်းတစ်ခု ဖြစ်ပါသည်။ Arsenic နည်းသော ရေနှင့် Arsenic များသော ရေကို ရောနှောအသုံးပြုခြင်းအားဖြင့်လည်း Arsenic ပမာဏကို အထိုက်အလျောက် လျှော့ချနိုင်ပါသည်။ ရေပေးဝေရေးစနစ် (သို့မဟုတ်) အိမ်သုံးအဆင့်တွင် Arsenic ဖယ်ရှားစနစ်များကို တပ်ဆင်နိုင်ပါသည်။ ဖယ်ရှားလိုက်သော Arsenic ကိုလည်း သင့်လျော်စွာ စွန့်ပစ်ရန် လိုအပ်ပါသည်။ လက်ရှိတွင် အိမ်သုံးအဆင့်နှင့် တစ်ပိုင်တစ်နိုင် ရေအရင်းအမြစ်များအတွက် ထိရောက်ပြီး ကုန်ကျစရိတ်နည်းသော Arsenic ဖယ်ရှားနည်းများ ပိုမိုရရှိနိုင်ပြီ ဖြစ်သော်လည်း ရေရှည်ကာလများအတွက် စနစ်တကျ ဆက်လက်အသုံးပြုနိုင်မှုများမှာ မသေချာသဲ ဖြစ်ပါသည်။ ရေရှည်လုပ်ဆောင်ချက်များအနေနှင့် စက်မှုလုပ်ငန်းများမှ ဖြစ်ပေါ်နိုင်သော Arsenic ထိတွေ့မှုကို လျှော့ချရန် လိုအပ်ပါသည်။

ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရန်အတွက် ပညာပေးကဏ္ဍနှင့် လူထု၏ ပူးပေါင်းပါဝင်မှုသည် အဓိကအချက်များ ဖြစ်ပါသည်။ ရပ်ရွာလူထုများအနေဖြင့် Arsenic ထိတွေ့မှု၏ အန္တရာယ်၊ အဆိပ်သင့်မှုများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ရေမှတစ်ဆင့် ကောက်ပဲသီးနှံများ (ဥပမာ ဆန်စပါး) ထဲသို့ Arsenic ဓာတ်များ ဝင်ရောက်နိုင်မှုနှင့် ဟင်းချက်ရာတွင် အသုံးပြုသော ရေမှတစ်ဆင့် အစားအစာထဲသို့ Arsenic အဆိပ်သင့်စေနိုင်မှု အစရှိသည့် Arsenic ထိတွေ့ရနိုင်သော ရင်းမြစ်များကို နားလည်သဘောပေါက်ရပါမည်။ Arsenic အဆိပ်သင့်မှု အန္တရာယ်ဖြစ်နိုင်ခြေများသော လူအုပ်စုများကို Arsenic အဆိပ်သင့်မှု၏ အစောပိုင်း လက္ခဏာများ၊ အထူးသဖြင့် အရေပြားဆိုင်ရာ ပြဿနာများကို စောင့်ကြည့်စစ်ဆေးသင့်ပါသည်။

ဆန်စပါးသည် ကမ္ဘာ့တစ်ဝန်းနိုင်ငံတော်တော်များတွင် အဓိကစားသုံးသော အစားအစာဖြစ်ပါသည်။ နိုင်ငံအသီးသီးတွင် မတူညီသော စပါးမျိုးများကို စိုက်ပျိုးကြပြီး ကစီဓာတ်ရရှိရန် စားသုံးကြလေ့ရှိပါသည်။ ထို့ကြောင့် ဆန်စပါးမှ အာဆင်းနစ်အဆိပ်သင့်မှုကို ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ထိုင်ဝမ်စသော အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် တွေ့ရှိနေရခြင်း ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အဆိုးရွားဆုံး တွေ့ရှိနေပါသည်။

စာရေးသူတို့ မြန်မာနိုင်ငံသည်လည်း ဆန်စပါးကို အဓိကစားသုံးသောနိုင်ငံဖြစ်၍ အာဆင်းနစ်အဆိပ်သင့်အန္တရာယ်ကို အထူးသတိပြုကြရန် လိုအပ်လာနေပြီဖြစ်သည်။ ဆန်စပါးသည် အာဆင်းနစ်ကို သွင်းရေ၊ မြေဆီလွှာနှင့် သောက်သုံးရေမှ စုပ်ယူပါသည်။ အာဆင်းနစ်သည် ရေတွင်ပျော်ဝင်နေသောကြောင့် ရေသွင်း၊ ရေလွှမ်း၍ စိုက်ပျိုးရသောစပါးတွင် အာဆင်းနစ်အဆိပ်သင့်မှုကို ပိုမိုတွေ့ရှိရပါသည်။ အင်အော်ဂဲနစ်အာဆင်းနစ်များသည် မြေကြီးထဲတွင် အချိန်ကာလကြာရှည်စွာတည်ရှိနိုင်ပြီး မိုးရေ၊ မြေအောက်ရေများကို ညစ်ညမ်းစေပါသည် ။ စပါးသည် အခြားသီးနှံများထက် မြေဆီလွှာနှင့် ရေမှအာဆင်းနစ်ကို ပိုမိုစုပ်ယူပါသည်။

ဆန်သည် ဆူသောအခါ ချက်ပြုတ်သော ရေထဲမှ အာဆင်းနစ်ကို အလွယ်တကူ စုပ်ယူသောကြောင့် အာဆင်းနစ်ညစ်ညမ်းနေသော ရေများကို အသုံးပြုချက်ပြုတ်ခြင်းက စိုးရိမ်စရာပြဿနာတစ်ခု ဖြစ်လာပါသည်။ ဆန်စပါးကို ကာလကြာရှည်စွာ စားသုံးခြင်းဖြင့် အာဆင်းနစ်ထိတွေ့မှုကို မြင့်မားစေပါသည်။ လေ့လာချက်တစ်ခုအရ အင်အော်ဂဲနစ် အာဆင်းနစ်ပါဝင်သော ဆန်စပါးကို စားသုံးခြင်းသည် နှလုံးရောဂါနှင့် သေပျောက်မှုများ မြင့်နိုင်စွမ်းနှင့် ဆက်စပ်နေပါသည်။ ဩစတေးလျနှင့် နယူးဇီလန်နိုင်ငံတွင် စပါးအပါအဝင် နှံစားသီးနှံများတွင် နှံစားသီးနှံ တစ်ကီလိုဂရမ်တွင် အာဆင်းနစ် တစ်မီလီဂရမ်ထက် မပါဝင်ရန် သတ်မှတ်ထားပါသည်။ သောက်သုံးရေတွင် လက်ခံနိုင်သော အာဆင်းနစ် ပမာဏမှာ ရေတစ်လီတာလျှင် အာဆင်းနစ် ၁၀ မိုက်ခရိုဂရမ် ဖြစ်ပါသည်။ ကလေးငယ်များအတွက် ဆန်ကိုအခြေခံသော ဖြည့်စွက်စာများတွင် အာဆင်းနစ်ပါဝင်မှုကို သတိပြုသင့်ပါသည်။

အာဆင်းနစ်သည် ကမ္ဘာ့အဆိပ်သင့်နိုင်ဆုံး ဒြပ်စင်များထဲမှ တစ်ခုဖြစ်ပြီး ဓာတုဗေဒသင်္ကေတအနေဖြင့် As ဟုဖော်ပြပါသည်။ အာဆင်းနစ်ကို အများအားဖြင့် သီးခြားမတွေ့ရပါ။ အခြားသော ဒြပ်စင်များနှင့် တွဲစပ်၍ တွေ့ရပါသည်။ အာဆင်းနစ်ဓာတ်ပေါင်းတွင် အော်ဂဲနစ်အာဆင်းနစ်နှင့် အင်အော်ဂဲနစ် အာဆင်းနစ်ဟူ၍ နှစ်မျိုးရှိပါသည်။ အော်ဂဲနစ်အာဆင်းနစ်ကို အပင်နှင့် တိရစ္ဆာန်တစ်ရှူးများတွင် အဓိကအားဖြင့် တွေ့ရပါသည်။ အင်အော်ဂဲနစ် အာဆင်းနစ်ကို ကျောက်ခဲများ၊ မြေကြီးတွင် တွေ့ရပြီး ရေတွင် ပျော်ဝင်နေတတ်ပါသည်။ အင်အော်ဂဲနစ်အာဆင်းနစ်သည် ပို၍အဆိပ်သင့်စေပါသည်။ စပါးတွင်တွေ့ရသော အင်အော်ဂဲနစ် အာဆင်းနစ်မှာ အဆိပ်သင့်နိုင်ဆုံး ပုံစံဖြစ်ပါသည်။

**အာဆင်းနစ်၏ ကျန်းမာရေးဆိုးကျိုးများ**

အင်အော်ဂဲနစ်အာဆင်းနစ်ထိတွေ့မှုသည် ချက်ချင်းအကျိုးသက်ရောက်မှုရှိသလို ကာလတာရှည်ကြာမှ အကျိုးသက်ရောက်မှုလည်း ရှိနိုင်ပါသည်။ ချက်ချင်းအကျိုးသက်ရောက်မှုများတွင် ဆိုးရွားစွာ အော့အန်ခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်း၊ ဝမ်းပျက်ခြင်း၊ သွေးလည်ပတ်မှုတွင် အနှောင့်အယှက်ပေးခြင်းစသော လက္ခဏာများကို တွေ့မြင်နိုင်ပါသည်။ အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း အာဆင်းနစ်ဖြင့် ညစ်ညမ်းနေသော အစားအစာနှင့် ရေကိုသောက်သုံးခြင်းဖြင့် ကိုယ်ဝန်ပျက်ကျခြင်း၊ ပေါင်မပြည့်သောကလေးများ မွေးဖွားခြင်း၊ ကလေးများဖွံ့ဖြိုးမှုတွင် ပြဿနာများဖြစ်စေနိုင်ပါသည်။

အာဆင်းနစ်ကို ကာလကြာရှည်ထိတွေ့မိလျှင် ဆိုးရွားသော ကျန်းမာရေးပြဿနာများ ဖြစ်စေနိုင်ပြီး နာတာရှည်ရောဂါများ ဖြစ်နိုင်စွမ်းကို တိုးစေနိုင်ပါသည်။ ဖြစ်ပွားနိုင်သော ရောဂါများမှာ-

- ကင်ဆာရောဂါအမျိုးမျိုး
- သွေးကြောကျဉ်ခြင်း၊ ပိတ်ဆို့ခြင်း
- သွေးဖိအားမြင့်စေခြင်း
- နှလုံးရောဂါ
- ဆီးချိုအမျိုးအစား(၂) တို့ဖြစ်ပါသည်။

ထို့အပြင် အာဆင်းနစ်သည် အာရုံကြောဆဲလ်များကို အဆိပ်သင့်စေပြီး ဦးနှောက်၏ လုပ်ငန်းဆောင်တာများကို ထိခိုက်စေနိုင်ပါသည်။ ကလေးများနှင့် ဆယ်ကျော်သက်များတွင် အာရုံစူးစိုက်မှု၊ သင်ယူမှု၊ မှတ်ဉာဏ်နှင့် ဉာဏ်ရည်ထက်မြက်မှုကို ထိခိုက်စေပါသည်။ ကာလရှည်စွာ အာဆင်းနစ်အဆိပ်သင့်မှုသည် နှစ်တိုင်းအချိန်မတိုင်ခင် သေဆုံးခြင်းများ(premature deaths)ကို ဦးတည်နိုင်ပါသည်။

**ဆန်စပါးမှ အာဆင်းနစ်အဆိပ်သင့်မှုကို လျှော့ချနိုင်မည့်နည်းလမ်းများ**

၁။ ဆန်ကို မချက်ပြုတ်ခင်တွင် သန့်ရှင်းသော ရေဖြင့် သေချာစွာ ထပ်ခါထပ်ခါဆေးကြောခြင်းဖြင့် ဆန်စေ့ပေါ်ရှိ အဆိပ်ရှိပစ္စည်းများကို ဖယ်ထုတ်နိုင်ပါသည်။

၂။ ဆန် တစ်ဆလျှင် ရေခြောက်ဆဖြင့် ချက်ပြီး ပိုလျှံသောရေများကို သွန်ပစ်ပါ။ ဤနည်းလမ်းသည် အိန္ဒိယအရှေ့ပိုင်းတွင် ထင်ရှားပြီး စပါးမှ အဆိပ်ပစ္စည်းများအားလုံးကို ဖယ်ထုတ်ပေးပါသည်။

၃။ ဆန်ညိုက ဆန်ဖြူထက် အာဆင်းနစ်ပါဝင်မှုပိုများပါသည်။ ဆန်ညိုကို မဖြစ်မနေစားရသူများသည် ဆန်ကိုတစ်ညစိမ်ထားပြီးမှ ရေစင်စင်ဆေး၍ ချက်သင့်သည်။ မြန်မာလူမျိုးများအနေဖြင့် ထမင်းကို ပမာဏများစွာ စားသုံးသောကြောင့် ဆန်ဖြူကိုသာ ရွေးချယ်စားသုံးသင့်ပါသည်။

၄။ နွေရာသီတွင် စိုက်ပျိုးသော စပါးများသည် အာဆင်းနစ်ညစ်ညမ်းသောရေကို ပိုမိုအသုံးပြုရသောကြောင့် နွေရာသီစပါးများ စားသုံးခြင်းကို ရှောင်ရှားသင့်ပါသည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာနိုင်ငံသည် ဆန်ကို အဓိကစားသုံးသော နိုင်ငံဖြစ်သောကြောင့် အာဆင်းနစ်အဆိပ်သင့်မှုအန္တရာယ်ကို သတိပြုကြပြီး ကျန်းမာရေးအသိဖြင့် စားသုံးနိုင်ကြပါစေကြောင်း ရည်ရွယ်၍ ရေးသားတင်ပြလိုက်ရပါသည်။

နော်ယဉ်ကျေး

# မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**တောင်တွင်းကြီး ဧပြီ ၃**

၂၀၂၆ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်အဖြစ် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ ယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်အေးချမ်းစွာ ကျင်းပနိုင်ရေး၊ လမ်းလျှောက်သင်္ကြန်ဆင်နွှဲရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၃ နာရီက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များက မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်ပွဲတော်အဖြစ် အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည့်ဖြစ်ကြောင်း၊ တောင်တွင်းကြီးမြို့ ပုဏ္ဏဝတီလမ်းမကြီးတစ်လျှောက် ဖျော်ဖြေရေးမဏ္ဍပ်များ၊ ရက်ကွက်အသီးသီးမှ ရေကစားမဏ္ဍပ်များ၊ ဧည့်ခံရေးမဏ္ဍပ်များ၊ စတုဒိသာဧည့်ခံကျွေးမွေးရေးမဏ္ဍပ်များ ဆောက်လုပ်မည့်အခြေအနေများနှင့် ရေရရှိရေးဆောင်ရွက်ရမည့်နည်းလမ်းများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအစဉ်များ၊ သင်္ကြန်ယိမ်းအကအဖွဲ့များဖျော်ဖြေမည့်အစီအစဉ်များ၊ ပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေး လုံခြုံရေးဆိုင်ရာ ဆောင်ရွက်မည့်အခြေအနေများ၊ ဗဟိုမဏ္ဍပ်အား မြို့နယ်လမ်းစုံတွင် တည်ဆောက်မည့်အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကာ တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။




(အပေါ်ပုံ)

**နောင်နောင်(မိသနိုးမြေ)**

# မိတ္ထီလာမြို့နယ်၌ အင်္ဂလိပ်စာနှင့် ပန်းချီသင်တန်းများဆင်းပွဲ အခမ်းအနား ကျင်းပ

**မိတ္ထီလာ ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အင်္ဂလိပ်စာနှင့် ပန်းချီသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး ပန်းချီသင်တန်းနည်းပြ ဦးအောင်ဇင်မြင့်က သင်တန်းကို တက်ရောက်သင်ယူခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းမှ သင်ကြားပေးလိုက်သည့် သင်ခန်းစာများကို စဉ်ဆက်မပြတ် လေ့ကျင့်သွားကြစေလိုကြောင်း၊ ကျောင်းမဖွင့်မီ အချိန်ကို အကျိုးရှိရှိအသုံးချစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းနည်းပြများကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူများက မြတ်ဆရာသီချင်းဖြင့် သီဆိုဂုဏ်ပြုခဲ့ကြသည်။

ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အင်္ဂလိပ်စာနှင့် ပန်းချီသင်တန်းများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ အသီးသီး ပေးအပ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အတာရေနဲ့ အေးပါစေ

* အတာရေ တစ်ပေါက်
အထက်၊ အောက် မခွဲ
ခိုင်မြဲ နှောင်ရစ်
နှစ်သစ်ကို ကြိုနိုင်စေ ...

* အတာရေ တစ်ပေါက်
သွန်းသောက် ချိုမွှေး
စမ်းနှယ် အေးမြ
ချစ်တေးစများ သီနိုင်စေ ...

* အတာရေ တစ်ပေါက်
ကတောက် ကဆ
ဒေါသ လွှမ်းဖုံး
အမုန်းတရား ပြေနိုင်စေ ...

* အတာရေ တစ်ပေါက်
နှစ်ယောက်အတူ ဖျန်းပက်
ရှက်ကိုး ရှက်ကန်း
သင်္ကြန်ပန်းလေးများ ပွင့်နိုင်စေ ...

* အတာရေ တစ်ပေါက်
ပိတောက်တစ်ခက် ငုတစ်ခက်
နှစ်သက် ရွှင်လန်း
ကမ္ဘာမြေ အေးချမ်းပါစေသော်။ ။

မောင်ဆွေသစ်(မန္တလေး)




# ပြည်ပဈေးကွက်အပေါ် မူတည်နေသော မြန်မာ့ကြိမ်ထည်လုပ်ငန်း

**မန္တလေး ဧပြီ ၃**

မြန်မာ့ကြိမ်ထည်လုပ်ငန်းသည် ပြည်ပဈေးကွက်အပေါ် အားထားနေရသော စီးပွားရေးကဏ္ဍတစ်ခုဖြစ်ပြီး ထုတ်လုပ်မှုစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့ရောင်းချနေကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

ပြည်ပဈေးကွက်တွင် မြန်မာ့ကြိမ်ထည်များသည် သဘာဝဆန်သောဒီဇိုင်း၊ အနုစိတ်လက်ရာနှင့် ခိုင်ခံ့မှုတို့ကြောင့် လူကြိုက်များနေပြီး အိမ်သုံးပရိဘောဂများ၊ အလှဆင်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်း အမျိုးမျိုးအဖြစ် ဝယ်လိုအား မြင့်တက်လျက်ရှိသည်။

ပြည်ပတင်ပို့မှုအရ အရည်အသွေးမြင့် ကြိမ်အချောထည်များ၏ အဓိကထုတ်လုပ်ရေး ဒေသဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်မှ ထုတ်ကုန်များသည် ပြည်ပဝယ်လက်များအကြားတွင် လက်ရာအနုစိတ်မှုကြောင့် ဈေးကွက်ခိုင်မာစွာ ရပ်တည်နိုင်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်အခြေစိုက် ပို့ကုန်ကုမ္ပဏီများနှင့် ချိတ်ဆက်၍ ကြိမ်ထည်ဒီဇိုင်းနမူနာအလိုက် ထုတ်လုပ်ပို့ဆောင်နေကြပြီး အမျိုးအစားစုံလင်သည့် လူသုံးကုန်ပစ္စည်းများကို အဆက်မပြတ် တင်ပို့လျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ ပြည်ပဈေးကွက် ဝယ်လိုအားကြောင့် မြန်မာ့ကြိမ်ထည်လုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရှာဖွေရာတွင် အရေးပါသည့် ကဏ္ဍတစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးလာမည်ဟု လုပ်ငန်းရှင်များက မျှော်မှန်းထားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**



# (၁၅)ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ(ကျောက်ပန်းတောင်းဆရာတော်) ဘဒ္ဒန္တပညာဝံသာလင်္ကာရာဘိဝံသအား ပူဇော်ပွဲကျင်းပ



**ကျောက်ပန်းတောင်း ဧပြီ ၃**

၂၀၂၀ ခုနှစ် (၇၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့၊ ၂၀၂၆ ခုနှစ်တွင် တိပိဋက-ဓမ္မဘဏ္ဍာဂါရိက ဘွဲ့များ ရရှိတော်မူသော (၁၅)ပါးမြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ(ကျောက်ပန်းတောင်းဆရာတော်) ဘဒ္ဒန္တပညာဝံသာလင်္ကာရာဘိဝံသအား ပူဇော်ပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၈ နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တောင်နောက်ကျေးရွာရှိ ဆရာတော်သီတင်းသုံးတော်မူသည့် ကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းသံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တ ဓမ္မာဝုဓ(မြတ်ရွှေဂူ)၊ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်သံဃာ ၁၅၀ ပါး ကြွရောက်တော်မူကြပြီး ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ထို့နောက် စိတ္တပါလဂူကျောင်း စာသင်တိုက်နာယက ဆရာတော် ဘဒ္ဒန္တဇဋိလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ဖတ်သရဇ္ဈာယ်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ဆက်လက်၍ (၁၅)ပါးမြောက်တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက(ကျောက်ပန်းတောင်းဆရာတော်) ဘဒ္ဒန္တပညာဝံသာလင်္ကာရာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်းကို ကျောက်ပန်းတောင်းမြို့ ရွှေမြင်တင်ကျောင်းဆရာတော် ဘဒ္ဒန္တလက္ခဏာဇေက ဖတ်ကြားပူဇော်သည်။ ထို့နောက် မြို့နယ်သာသနာရေးဦးစီးဌာန မြို့နယ်သာသနာရေးမှူး ဦးကျော်ကျော်လွင်က (၁၅)ပါးမြောက် တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက(ကျောက်ပန်းတောင်းဆရာတော်) ဘဒ္ဒန္တပညာဝံသာလင်္ကာရာဘိဝံသထံ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပြီး အလှူရှင်များက ပင့်သံဃာများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက ဂုဏ်ပြုပူဇာသဘင် ဖြစ်မြောက်ရေးအတွက် နဝကမ္မများ လှူဒါန်းခြင်းနှင့် တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက(ကျောက်ပန်းတောင်းဆရာတော်)အား ဂုဏ်ပြုပူဇာနဝကမ္မများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ချီးကျူးဂုဏ်ပြုပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ၊ တောင်နောက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှသောင်းက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီး(ကျောက်ပန်းတောင်းဆရာတော်) ဘဒ္ဒန္တပညာဝံသာလင်္ကာရာဘိဝံသထံမှ အလှူရှင်များနှင့် ဧည့်ပရိသတ်များက ရေစက်ချအနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ပင့်သံဃာ ၁၅၀ ပါးနှင့် ဆရာတော်၏အနယ်နယ်အရပ်ရပ်မှ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များ၊ အကျိုးတော်ဆောင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါင်ဝံပုံ)(၄၅၆)



## ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး ဧပြီ ၃**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ပွဲ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝ (ဓမ္မာစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး ဖခင် ဦးဒေါင်း၊ မိခင် ဒေါ်ညွန့်ခင်၊ (သား)မောင်ဝင်းမော်တို့အားရည်စူး၍ ကျွန်ရစ်သူ သား၊ သမီး၊ မြေးတစ်စု၊ မန္တလေးမြို့က ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေကျပ် ၃၁ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဏ္ဍာ့မှုကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် အဆိုပါအလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

PNT

## ကွမ်းဖလားကျေးရွာ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရန် ရေလှူဒါန်း

**ညောင်ဦး ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံမြို့ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ကျေးရွာနေပြည်သူများ ပူပြင်းရာသီကာလ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ဧပြီ ၂ ရက်က ညောင်ဦးမြို့နယ် ကွမ်းဖလားကျေးရွာသို့ သွားရောက်၍ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေများ လှူဒါန်းပေးရာတွင် ပုဂံမြို့ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက ကွမ်းဖလားကျေးရွာရှိ ဒေသခံပြည်သူများ ပူပြင်းရာသီကာလ သောက်သုံးရေဖူလုံစေရန် ဂေါလန် ၃၂၀၀ အား အိမ်ထောင်စုလူဦးရေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့နယ် ပုဂံမြို့ရတနာဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက်နာယက ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေအလှူတော်အသင်းက မြို့နယ်တွင်းရှိ ကျေးလက်နေပြည်သူများ ပူပြင်းရာသီကာလ သောက်သုံးရေ အခက်အခဲမဖြစ်စေရန်နှင့် ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရပ်ဝေး၊ ရပ်နီးမှ စေတနာရှင်အလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် နေ့စဉ် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

(ဝံပုံ)
(၄၄၅)



## ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး သာသနာပြုခရီးစဉ်မှ ပြန်လည်ရောက်ရှိ

**မန္တလေး ဧပြီ ၃**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန ဦးစီးပဓာနနာယကဆရာတော်ကြီး တောင်တန်းသာသနာပြု ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ အဘိဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဦးဆောင်သော ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ဥက္ကဋ္ဌ ဦးလှဝင်း ဦးဆောင်သည့် ၃၃ ဦးပါ သာသနာပြုအဖွဲ့သည် ခရီးစဉ်အမှတ်(၁၀၃)အဖြစ် တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ လွိုင်ကော်၊ ဖယ်ခုံ ရှင် ၁၀၀ ပြုပွဲအဖြစ်လည်းကောင်း၊ (၁၈)ကြိမ်မြောက် ကထိန်အောင်ပွဲအဖြစ်လည်းကောင်း မတ် ၂၄ ရက်မှ ခရီးစတင်ခဲ့ရာ မတ် ၂၉ ရက်တွင် သာသနာပြုအဖွဲ့သည် မန္တလေးသို့ ပြန်လည်ရောက်ရှိခဲ့သည်။

ခရီးစဉ်အစတွင် မန္တလေး တောင်စလင်းတိုက်သစ် ဆရာတော်ကိုယ်စား ဘဒ္ဒန္တပညာသိရိထံမှ ဩဝါဒကထာ နာယူခဲ့ကြပြီး မန္တလေးမှ တောင်ကြီးမင်းကျောင်းတွင် တစ်ညနားခိုကာ ရှင် ၁၀၀ ပြုပွဲကျင်းပမည့် လွိုင်ကော် ရတနာသီရိကျောင်းတွင် ရှင်အပါး ၁၀၀ ပြုပွဲကို ဆောင်ရွက်ခဲ့သည်။

၄င်းနောက် လွိုင်ကော်ဗဟန်းမြို့မကျောင်းတွင် ကထိန်အောင်ပွဲ ပြုလုပ်၍ ရေစက်ချအခမ်းအနားကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ထို့နောက် ဖယ်ခုံကျောင်းတွင် တစ်ညတည်းခိုပြီး အင်းလေး၊ ပင်းတယသို့ သာသနာပြုခရီးစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)(ဝ၄၉)

* – * – * – *

* – * – * – * – * – *



အသက်သည်
သွေး။
သွေးသည်
အသက်။
သင့်သွေးဖြင့်
အသက်ကယ်ပါ။

# ရိုးရာသင်္ကြန် မျိုးမြန်မာဟန်တွေနှင့်

ဦးနေဝင်း(ဗန္ဓုလ-ကြေးသွန်း)



ပတ်ဝန်းကျင်တစ်ခုလုံးကြည့်လိုက်တော့ ပိတောက်ပန်းတွေ၊ ငုဝါပန်းတွေ မြင်တွေ့ရပြီး ဖြူဖြူပြာပြာ နီနီဝါဝါ ××× ဝေဆာမြူးလို့ လွင် ××× ဟောတစ်ရုံ ဟောတစ်ရုံ ပန်းမျိုးစုံတဲ့ပြင် ငွေပန်းမာလာ ပန်းဥယျာဉ် ××× ရွှမငြိမ်းအောင်ပင်ဆိုတဲ့ သင်္ကြန်သီချင်းလေး တွေလည်း ကြားနေရပြီ။ ရင်ခတ်၊ သရဖီ၊ ကံ့ကော်ပန်းရနံ့လေးတွေလည်း ရှူ ရှိုက်ရပြီး ဥဩတွန်သံလေးတွေလည်း ကြားရပြန်ပြီ။ သင်္ကြန်ဆိုတဲ့ သင်္ကေတနိမိတ်တွေ တွေ့ထိခံစားခဲ့ရပြီမို့ ရှေ့ပြေးပုံရိပ်တွေနှင့် သင်္ကြန်မိုးပြေးတွေ ရွာတော့မှာပေါ့လေ။ အော် … ဘာလိုလိုနှင့် သင်္ကြန်အခါတွင်းရောက်တော့မှာပါလား။ အတွေးစိတ်ကူးတွေ ဝင်လာခဲ့ချေပြီ။ အခုလို အချိန်အခါမျိုးမှာဆိုရင် ငယ်စဉ်တုန်းက သင်္ကြန်ရေကစားဖို့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေခဲ့ကြတာတွေ မှတ်မိသေးတော့တယ်။

ကဲ . . .လာဗျို့ ခင်ဗျားကို မျှော်နေတာနဲ့ အတော်ပဲ။ လက်ဖက်ရည်ဆိုင် သွားကြစို့ဗျာ။ ရေနွေးကြမ်းသောက်ရင်း ရှေးဟောင်းနှောင်းဖြစ် သင်္ကြန်အကြောင်း စကားစမြည်ပြောကြတာပေါ့။

ဘာလဲဗျ သင်္ကြန်ရောက်ရင် သီချင်းဆိုခိုင်းဦးမလို့လား။ အိပ်မက်စေတမန်တို့၊ ရာပုံတော်မင်းသားကြီးတို့၊ ရေပက်ခံမယ်၊ သင်္ကြန်လေညင်းလုလင်၊ မြနန္ဒာတို့ ဘာတို့ဆိုရင်း အသက်ရှည်အောင် မန်းတောင်ရိပ်ခိုခိုင်းမယ်ပေါ့လေ။

ဒါနဲ့ မေးရဦးမယ်။ သင်္ကြန်ဆိုတာ ဘယ်တုန်းက စတင်ပေါ်ပေါက်လာခဲ့တာလဲ။ ဒါကလည်း သိထားသင့်၊ မှတ်ထားသင့်တယ် မဟုတ်လား။ ကြားဖူးတာတော့ ပုဂံခေတ်ကလို့ ပြောကြတာပဲ။

မှန်တာပေါ့ဗျာ။ ပုဂံခေတ်က စတင်ခဲ့တယ်ဆိုတဲ့ မှတ်တမ်းမှတ်ရာတွေရှိတယ်။ အဖြစ်အပျက်တွေ ရှိခဲ့တယ်။ ပုဂံခေတ် ၁၃ ရာစုလောက်က နံရံဆေးရေးပန်းချီပုံထဲမှာ တန်ခူးလ ရေသဘင်ပွဲဆင်နွှဲနေကြပုံ တွေ့ရတယ်။ လေ့လာကြည့်တော့ ရေအိုးလေးတွေ ကိုယ်စီရွက်လို့ ပခုံးပေါ်ကနေ သပြေခက်လေးတွေနဲ့ အသာအယာ ရေကစားနေကြတာ တွေ့ရှိရပါတယ်။ မြင်ရတာ ကြည်နူးစရာပါပဲ။ ပြောရရင်တော့ အရှည်ကြီးပေါ့။

ပြောပါဗျာ . . .ဗဟုသုတအဖြစ် နားထောင်ရတာပေါ့။ လူငယ်တွေ သိထားဖို့ လိုတယ်လေ။

ဒီလိုဗျ။ ပုဂံခေတ်က မင်းဆက်ပေါင်း ၅၅ ဆက် အုပ်စိုးခဲ့တယ်။ ၅၃ ဆက်မြောက် နရသီဟပတေ့မင်းလက်ထက်ကပေါ့။ အဲ့ဒီတုန်းက ဧရာဝတီမြစ်ဆိပ်မှာ မဏ္ဍပ်ကန့်လန့်ထိုးပြီး ရေကစားခဲ့ကြတယ်တဲ့။ ရေကစားခဲ့ကြတဲ့ အစဉ်အလာ အဲ့ဒီတုန်းက စခဲ့တယ်ဆိုပါတော့။ တစ်နေ့မှာပေါ့ သူ့ရဲ့မိဖုရားတွေထဲ ချောမောလှပတဲ့ မိဖုရားစောလုံလေးကို ရေမွှမ်းရွှဲစိုအောင် လောင်းပြီး ကျီစယ်လိုက်တယ်။ မိဖုရားက စိတ်ဆိုးတယ်ပေါ့ဗျာ။ အငြိုးအတေးထားတဲ့အထိ စိတ်ဆိုးခဲ့တယ်။ ရှက်လည်းရှက်မှာပေါ့။ အကျီစားသန်ရင် ရန်များရတယ်ဆိုစကားလိုပေါ့။ တစ်နေ့တော့ ဘုရင့်ပွဲတော်စာထဲမှာ အဆိပ်ခတ်သတ်ဖို့ ကြံစည်လိုက်တယ်ပေါ့ဗျာ။ ဒဏ္ဍာရီဇာတ်လမ်းတော့ မဟုတ်ဘူးဗျ။ ဒါတွေထားပါတော့။

သင်္ကြန်တွင်းမှာ ရေလောင်းကြတာကို သင်္ကြန်ရေကစားတယ်လို့ ဘာကြောင့်ပြောကြတာလဲ။ အတာကူးတယ်တို့၊ ရေပွဲသဘင်တို့၊ သင်္ကြန်အခါတွင်းတို့၊ နှစ်သစ်ကူးမင်္ဂလာတို့ အမျိုးမျိုးပေါ့ဗျာ။

ဒါက ဒီလိုရှိတယ်ဗျ။ သင်္ကြန်ဆိုတဲ့ စကားလုံးအဓိပ္ပာယ်က သင်္ကန္တဆိုတဲ့ ပါဠိစကားလုံးက ဆင်းသက်လာတာပေါ့။ တစ်နှစ်က တစ်နှစ်ကို ကူးတော့မယ်ဆိုတဲ့ သဘောပေါ့။ သင်္ကန္တဆိုတာ ကူးပြောင်းခြင်းတဲ့လေ။ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးပြောင်းချိန်မှာ ရှေးဘုရင်တွေ ဦးခေါင်းဆေးမင်္ဂလာပြုလေ့ရှိကြတယ်။ နှစ်ဟောင်းက မကောင်းတဲ့အကုသိုလ်ကံတွေ၊ အညစ်အကြေးတွေကို သင်္ကြန်ရေနဲ့ ဆေးကြောပစ်တဲ့ သဘောပါ။ ဒါကို တိုင်းသူ၊ ပြည်သားတွေပါ ရေပက်လောင်းခဲ့ကြတာ အစဉ်အလာတစ်ခု ဖြစ်လာခဲ့တာပေါ့။ ပူပြင်းခြောက်သွေ့တဲ့ နွေရာသီဖြစ်လို့ ပြည်သူအများအေးမြချမ်းသာရွှင်လန်းစေဖို့ သင်္ကြန်ပွဲလုပ်ပြီး ရေပက်ကစားခဲ့ကြတာလည်း ဖြစ်နိုင်တယ်။

သင်္ကြန်မိုး ရုပ်ရှင်ဇာတ်ကားအစမှာ နိုင်ငံကျော်အဆိုတော် ဒေါ်တင်တင်မြက နောက်ခံစကားပြောခဲ့တာ ကြားရတယ်။ အတာကူးသောလ၊ တန်ခူးသောလ၊ ရေပွဲသဘင်ကျင်းပဆင်နွှဲလာခဲ့တာ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်ထိ တိုင်ခဲ့တယ်ဆိုတာလေ။

ဟုတ်တယ် အတာကူးတန်ခူး၊ တာကူး၊ တန်ခူး ခေါ်ခဲ့ကြတယ်ပေါ့ဗျာ။ မြန်မာ့ ၁၂လမှာ ကျင်းပလေ့ရှိတဲ့ တန်ခူးလ သင်္ကြန်ပွဲ၊ ကဆုန်လ ညောင်ရေသွန်းပွဲ၊ နယုန်လ စာပြန်ပွဲ ကြားဖူးတယ်မဟုတ်လား။ တန်ခူးဆိုတာ ထန်းခူးတဲ့လပေါ့။ ပြောရရင် တပို့တွဲလမှာ ထန်းပင်ပေါ်ကိုကြည့်ရင် ထန်းနို့တွေ တွဲကျနေတယ်။ ထန်းရည်ခံယူကြတယ်။ ထန်းသီးတယ်၊ နောက်လကျ ထန်းခူးကြတယ်။ ထန်းပေါင်းကြတယ်။ ဒါကြောင့် တပို့တွဲလ၊ တပေါင်းလ၊ တန်ခူးလဆိုတာ သင်္ကြန်ရောက်ခါနီးပြီဆိုတာ သိကြရပြီ။ အင်းဝခေတ် စာဆိုတော် ဝန်ကြီးပဒေသရာဇာ ရေးဖွဲ့ခဲ့တဲ့ ထန်းသမားဘဝ သရုပ်ဖော်စာကဗျာလေးမှာတော့ 'နွေဦးကာလ မြူထသောခါ ရင်းထောင်ရင်းစွဲ ဆောင်မြဲအိုးလွယ်ကာ' ဒါကိုကြည့်ရင် သင်္ကြန်ပွဲနဲ့ နွေရာသီ ဆက်စပ်နေတာ တွေ့ရတယ်။ ခေတ်တွေ နှစ်တွေကြာမြင့်လာတာနဲ့အမျှ အင်းဝခေတ်တို့၊ ကုန်းဘောင်ခေတ်၊ ရတနာပုံခေတ်တို့ ရောက်လာခဲ့တာ။ အခုခေတ်တော့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာအတာသင်္ကြန်ပွဲလို့ သတ်မှတ်ခေါ်ဆိုခဲ့ကြတယ်။

ဒါဆိုရင် ခေတ်လူငယ်တို့ မြန်မာ့ရိုးရာသင်္ကြန်ပွဲမှာ ယဉ်ကျေးမှုကို ထိန်းသိမ်းကြရမှာပေါ့။ ထိုင်းနိုင်ငံမှာလည်း ရှိတယ်။ တရုတ်နိုင်ငံ ပြည်နယ်တစ်ခုမှာလည်း သင်္ကြန်ပွဲကျင်းပကြတယ်တဲ့။ ဘယ်နိုင်ငံက အရင်ဆုံးပေါ်ပေါက်လာတာလဲ။

ကျွန်တော်တို့ မြန်မာနိုင်ငံ သင်္ကြန်ပွဲက ရှေးအကျဆုံးပါပဲ။ ယူနက်စကိုလို နိုင်ငံခြားတိုင်းပြည်တွေက အသိမှတ်ပြုခံထားရတာလေ။ မြန်မာ့သင်္ကြန်ပွဲတို့၊ မြန်မာ့သနပ်ခါးတို့၊ မြန်မာ့ခြင်းပညာတို့ ဒါတွေ အကုန်လုံး မြန်မာကအစ ပထမတွေချည်းပါပဲ။ ဒါကြောင့်လည်း ရိုးရာမဟာသင်္ကြန်ပွဲကို တစ်မျိုးတစ်ဘာသာရှာကြံပြီး မတီထွင်ချင်ကြပါနဲ့။ မဆန်းသစ်ချင်ကြပါနဲ့။ ယဉ်ကျေးမှုအမွေတွေကို တတ်နိုင်သမျှ ထိန်းသိမ်းစောင့်ရှောက်ကြပါ။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကအစပေါ့။ မျိုးမြန်မာဟန်တွေ မပျောက်စေချင်ပါဘူးဗျာ။ အဖိုးတန်တဲ့ ရိုးရာသင်္ကြန်ပွဲဖြစ်နေလို့ပါ။

မှန်ပါတယ်ဗျာ။ မြန်မာ့ယဉ်ကျေးမှုအရရော၊ ဘာသာတရားအရရော၊ ထုံးတမ်းအစဉ်အလာအရရော၊ ထိန်းသိမ်းစောင့်ရှောက်သင့်တာအမှန်ပါပဲ။ ပြောရရင် ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ စိတ်နှလုံးထဲမှာ ဟီရိဩတ္တပ္ပဆိုတဲ့ အသိတရားနှစ်ပါးရှိကြတယ်လေ။ အရှက်အကြောက်ဆိုတာပေါ့။ မဟုတ်တာကို လုပ်ရမှာ ရှက်ရမှန်း၊ အမြင်မတော်မှာ ကြောက်ရမှန်းသိထားကြတာကိုက မဆိုးသေးဘူးလို့ ပြောရမှာပေါ့။ လုပ်စမ်းပါဦးဗျ။ စာတိုပေစလေး ဘာလေး စာကဗျာလေးတွေပေါ့ဗျာ။

ကင်းဝန်မင်းကြီးဦးကောင်းတို့၊ မြဝတီမင်းကြီး ဦးစတို့၊ အမည်မသိရေးစာဆိုတော်တို့ ရေးဖွဲ့ခဲ့ကြတယ်။ (တန်ခူးမိဿ စိတြလနှင့် ယှဉ်ပြိုင်ထွန်း၊ ရင်ခတ်၊ ကံ့ကော်၊ ထုံသင်းပျော် ပွဲတော်အတာညွှန်း)

**ကင်းဝန်မင်းကြီးဦးကောင်း**

အမည်မသိရေးစာဆိုတော်ကတော့ (တာကူး တံကူး တန်တန်ခူး၊ ထူးထူးဝါဒပြား၊ ရာသီခေါ်ရန် မိဿမှန် သင်္ကြန်ပွဲတော်ထား၊ စိတြကြယ် စန်းနှင့်ဆွယ်၊ ပန်းဝယ်အင်ကြင်းများ၊ ဝတ်မှုံရနံ့မွှေးပျံ့ပျံ့ ကံ့ကော်ပွင့်ဖားဖား)တဲ့ သင်္ကြန်နှင့်ဆိုင်ရာ မှတ်သားစရာတွေပါပဲ။ တန်ခူးမည်မှတ် ဖက်စွတ်ရေတိုး သင်္ကြန်မိုးဆိုတာလည်း မှတ်လိုက်ဦး။

ဟုတ်ကဲ့ပါ မှတ်ထားပါ့မယ်။ ကဲ . . .သွားကြစို့ဗျာ။ ရေနွေးကြမ်းလည်း ခတ်ဘူးနှစ်ဘူးကုန်ပြီ။ ခင်ဗျား ကျန်းမာရေးဂရုစိုက်ဗျာ။ အာရောဂျံ ပရမံ လာဘံတဲ့ ကျန်းမာခြင်းဟာ လာဘ်ကြီးတစ်ပါး။

ဟုတ်ကဲ့ပါ . . . ကျေးဇူးတင်ပါတယ်။

## ချင်းတွင်းဖလားအလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ကလေးဝ ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့တွင် ၁၃၈၈ ခုနှစ် အတာသင်္ကြန်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ချင်းတွင်းဖလား အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့ ညနေ ၃ နာရီက အမှတ် (၁)ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်းကြီး၌ ကျင်းပခဲ့သည်။

အဆိုပါဖွင့်ပွဲတွင် အားကစားသမားများက နိုင်ငံတော်အလံအားအလေးပြု၍ အားကစားအဓိဋ္ဌာန်ကို ရွတ်ဆိုခဲ့ကြသည်။

**(ယာပုံ)**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး(ကိုယ်စား) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ချင်းတွင်းဖလား အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ချင်းတွင်းဖလား အလွတ်တန်း ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကာ လေးသင်းတစ်အုပ်စုဖြင့် အုပ်စုနှစ်စုခွဲကာ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဧပြီ ၂ ရက် ညနေတွင် ရွှေတာယာအသင်းနှင့် Brother အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး ဆောင်ရွက်နေမှုအား လှည့်လည်ကြည့်ရှု

**မကွေး ဧပြီ ၃**

၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မကွေးမြို့၌ မိရိုးဖလာယဉ်ကျေးမှုနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မကွေးမြို့ We Love Magway အနီး ကျောက်သားဥယျာဉ်ပန်းခြံမှ ကမ်းနားလမ်းတစ်လျှောက်လမ်းလျှောက်သင်္ကြန်၊ ရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ၊ ယိမ်းအကအလှများ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး မဟာသင်္ကြန်ပွဲတော်ကော်မတီဝင်များက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ဝဲပုံ)**



ယခုနှစ်တွင် မဟာသင်္ကြန်ပွဲတော်ကို မကွေးမြို့ We Love Magway အနီး ကျောက်သားဥယျာဉ်ပန်းခြံမှ ကမ်းနားလမ်း တစ်လျှောက် လမ်းအရှည်ပေ ၇၃၀ ပေါ်တွင် ဗဟိုမဏ္ဍပ်ကြီး တစ်ခု၊ ဝန်ကြီးဌာနမဏ္ဍပ် ခြောက်ခု တည်ဆောက်လျက်ရှိပြီး လမ်းလျှောက်သင်္ကြန်ပွဲတော်ကိုလည်း အဆိုပါလမ်းတစ်လျှောက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် လမ်းလျှောက်သင်္ကြန်အတွင်း မြန်မာ့အမွေအနှစ် ရိုးရာသနပ်ခါး (နံ့သာလိမ်းခြယ်)မဏ္ဍပ်များ၊ ရေကစားမဏ္ဍပ်များ၊ လောင်းလှေများဖြင့် ရေပက်ကစားနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအား သက်ဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချပေးနိုင်သည့်အပြင် စက်သုံးဆီသုံးစွဲမှုနှင့် ကုန်ကျစရိတ်များကိုချွေတာသည့်အနေဖြင့် ဧရာဝတီမြစ်အတွင်းမှ ရေများကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် မြစ်ရေတင်ယူကာ လာရောက်ရေကစားသူများအား စိတ်အေးချမ်းသာစွာ ရေကစားနိုင်ရေးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီထံမှ သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

# မန္တလေးခရိုင်၊ လူထုအခြေပြုဗဟိုဌာန၌ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင် လူထုအခြေပြုဗဟိုဌာန၌ ယနေ့ နံနက် ၉ နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာစီစာကုံးပြိုင်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်များတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေးများ မြင့်မားလာစေရန်ရည်ရွယ်၍ စာစီစာကုံးပြိုင်ပွဲတွင် ပြည်ကြီးတံခွန်မြို့နယ်၊ မူလွန်(၂၀)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းစာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ဒုတိယ၊တတိယဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက ဆုများပေးအပ်ချီး မြှင့်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**စင်မင်းမောင်(ပြန်/ဆက်)**

*-*-*-*-*



# ယခုနှစ်တွင် နွေစပါး ဧက ၁၀၀ ကျော် စိုက်ပျိုးပြီးစီး

**ကျွန်းလှ ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်သည် စပါးအဓိကစိုက်ပျိုးသောဒေသဖြစ်ပြီး ယခုနှစ် နွေစပါး ဧက ၁၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် နွေစပါးစိုက်ပျိုးဖို့ ၁၆၆ ဧကလျာထားပြီး လက်ရှိအချိန်ထိ ဧက ၁၁၀ စိုက်ပျိုးပြီး ဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးရာမှာ သဖန်းဆိပ်ဆည်ရေကျ၊ မြေအောက်ရေ၊ ချောင်းရေနဲ့ တမံရေတို့ဖြင့် စိုက်ပျိုးကြပါတယ်။ လျာထားချက်ပြည့်မီဖို့ တောင်သူတွေဆက်လက်စိုက်ပျိုးနေကြပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ နွေစပါးစိုက်ပျိုးသည့် တောင်သူများအား ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်း သက်တမ်းတိုမျိုးကောင်း မျိုးသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း စပါးအပြင် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်ကြပြီး ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်လမ်းများ ရရှိနေကြကြောင်း သိရသည်။

**(အောက်ပုံ) (၄၈၀)**





# အားကစားကဏ္ဍဖွံ့ဖြိုးရေးအတွက် အခမဲ့ဖွင့်လှစ်သင်ကြားသည့် နွေရာသီအခြေခံအားကစားနည်းသင်တန်းဆင်းပွဲ ကျင်းပ

**လားရှိုး ဧပြီ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ခရိုင်နှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသားကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကျန်းမာပျော်ရွှင်ကာ အားကစားကဏ္ဍဖွံ့ဖြိုးပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်သည့် အခြေခံနွေရာသီအခြေခံအားကစားနည်းသင်တန်းဆင်းပွဲကို ယမန်နေ့က ပြည်ထောင်စုအားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းက အမှာစကားပြောကြားပြီး အားကစားသင်တန်းသားသင်တန်းသူများက အားကစားနည်းများအလိုက် သရုပ်ပြကစားပြသခဲ့သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နွေရာသီအားကစားသင်တန်းအတွက် ချီးမြှင့်ငွေများ၊ အားကစားပစ္စည်းများ၊ သင်တန်းနည်းပြများအတွက် ဂုဏ်ပြုလက်ဆောင်များနှင့် သင်တန်းသား၊ သင်တန်းသူများအတွက် သင်တန်းဆင်းလက်မှတ်များအား အသီးသီးချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်းအား မတ် ၁ ရက်မှ မတ် ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စု အားကစားကွင်းတွင် ဘောလုံး၊ ဖူဆယ်၊ စစ်တုရင်၊ ကြက်တောင်၊ ဘော်လီဘော၊ ကာရာတေးနှင့် ပိုက်ကျော်ခြင်း စသည့်အားကစားနည်းများကို သက်ဆိုင်ရာနည်းပြဆရာများဖြင့် စနစ်တကျလေ့ကျင့်သင်ကြားခဲ့ကြောင်း ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)လူမော်(ပြန်/ဆက်)**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ၊ စာအုပ်၊ စာစောင်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် အသိပညာဗဟုသုတများ ပြည့်စုံစေရန် ယနေ့ မွန်းလွဲ ၂ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်၊ စာစောင်ပြပွဲ၊ နံရံကပ်စာစောင် ပြပွဲ ကျင်းပခဲ့သည်။ **(ယာပုံ)**

ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကလေးအလုပ်သမားဆိုသည်မှာ ကလေးဘဝ ရွှင်လန်းတက်ကြွမှုနှင့် ဂုဏ်သိက္ခာတို့ကိုကင်းမဲ့စေပြီး ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာသည့်အလုပ်မျိုးတွင် လုပ်ကိုင်နေရသူများကိုဆိုလိုကြောင်း၊ ကလေးများ၏စိတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသည့် အလုပ်မျိုးနှင့် ပညာသင်ကြားရေးကို ထိခိုက်နစ်နာစေသည့်အလုပ်မျိုး၊ ကျောင်းတက်ရန် အခွင့်အလမ်း ရွေးချယ်နိုင်မှုမရှိခြင်း၊ အချိန်မတိုင်မီ ကျောင်းမှ ထွက်ရခြင်း၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်လေးလံသော အလုပ်များကို အချိန်လွန်ကဲကြာမြင့်စွာ လုပ်ကိုင်နေရသူများသည် ကလေးအလုပ်သမားများဖြစ်ကြောင်း စသည့် အကြောင်းအရာများနှင့် ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကလေးအလုပ်သမားဖြစ်ရသည့်အကြောင်းအရင်းများ၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်တာဝန်များ အကြောင်း အသိပညာပေးဟောပြောခဲ့ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်၊ စာစောင်များနှင့် အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ကလေးအလုပ်သမားပပျောက်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**



❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၃

| | | |
|---|---|---|
| မြင်းမူ | ၄၂ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၂ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၂ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၄၂ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၂ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၂ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ပြည်ပနိုင်ငံအကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ပြည်ပနိုင်ငံအကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့လာသည်။

မော်စကိုမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်

အဆွေတော်၊

အဆွေတော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

ရုရှား-မြန်မာဆက်ဆံရေးသည် သဘာဝအရ ရင်းနှီးပွင့်လင်းသော ဆက်ဆံရေးဖြစ်ကြောင်းကို ပြီးခဲ့သည့်နှစ်က မော်စကိုမြို့တွင် ပြုလုပ်ခဲ့သော မိမိတို့၏ တွေ့ဆုံဆွေးနွေးမှုများက ထပ်လောင်းအတည်ပြုပေးခဲ့ပါသည်။ အဆွေတော်၏ သမ္မတသက်တမ်းအတွင်း နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက်လည်းကောင်း၊ အာရှ-ပစိဖိတ်ဒေသ၏ တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ခိုင်မာစေရန်အတွက်လည်းကောင်း အပြုသဘောဆောင်သည့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဟု မိမိအနေဖြင့် အခိုင်အမာ ယုံကြည်ပါသည်။

အခွင့်အခါကြုံခိုက် အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးထံသို့ မကြာမီ ကျရောက်တော့မည့် မြန်မာ့ရိုးရာနှစ်သစ်ကူးအခါသမယ သင်္ကြန်ပွဲတော်အတွက် လှိုက်လှဲစွာ နှုတ်ခွန်းဆက်သပါကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဗလာဒီမာ ပူတင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

ဘေကျင်း၊ ၃-၄-၂၀၂၆

သို့

အဆွေတော် မစ္စတာ မင်းအောင်လှိုင်

သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ

နေပြည်တော်

လေးစားအပ်ပါသော သမ္မတကြီးခင်ဗျား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ သမ္မတအဖြစ် အဆွေတော်ရွေးကောက်တင်မြှောက်ခံရသည်ကို သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်းနှင့် တရုတ်အစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်ထံသို့ စစ်မှန်သော ဂုဏ်ယူဝမ်းမြောက်စကားများ ပါးအပ်ပါသည်။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တောင်နှင့်ရေချင်းထိစပ်နေသည့် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး ကျွန်ုပ်တို့၏ ပြည်သူနှစ်ရပ်သည် ရှေးယခင်ကတည်းက တည်ရှိခဲ့သော "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးကို ခံစားကြရပါသည်။ နှစ်ဖက်စလုံးသည် အတူတကွ လက်ကိုင်ထားသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခြေခံမူကြီး (၅) ချက်၏ စိတ်ဓာတ်ကို လက်ခံကိုင်စွဲထားကာ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ထိန်းသိမ်းထားရှိပြီး အပြန်အလှန် လိုအပ်နေချိန်များတွင်လည်းကောင်း၊ အဓိကအကျိုးစီးပွားများနှင့် အရေးကြီးသော ကိစ္စရပ်များတွင်လည်းကောင်း အခိုင်အမာ ထောက်ခံအားပေးခဲ့ကြသည်မှာ အေးအတူပူအမျှဖြစ်သော "တရုတ်-မြန်မာ အနာဂတ်ကံကြမ္မာ အတူတကွ ဖော်ဆောင်သည့် လူ့အဖွဲ့အစည်း" ၏ နက်ရှိုင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အပြည့်အဝဖော်ပြနေပါသည်။ ကျွန်ုပ်တို့သည် ပြီးခဲ့သည့်နှစ်တွင် နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ပြီး

စာမျက်နှာ ၄ သို့ ☆

# ၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် လာအိုအသင်းတို့ အုပ်စုအဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဧပြီ ၃**

၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲကို လာမည့် ဧပြီ ၁၂ ရက်မှ ၂၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် လာအိုအသင်းနှင့် စတင်ကစားသွားရမည်ဖြစ်သည်။




ယခုပြိုင်ပွဲတွင် အာဆီယံ ဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင် ၁၂ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အုပ်စု(A)တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဗီယက်နမ်၊ တီမော၊ အုပ်စု(B)တွင် မြန်မာ၊ လာအို၊ ထိုင်း၊ ဖိလစ်ပိုင်၊ အုပ်စု(C)တွင် ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ ဘရူနိုင်းအသင်းတို့ ပါဝင်လာခဲ့သည်။

ပြိုင်ပွဲကျင်းပသည့် ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး တစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက်မှ အကောင်းဆုံးတစ်သင်း စုစုပေါင်းလေးသင်း ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခွင့်ရရှိသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် လာမည့် ဧပြီ ၁၂ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် လာအိုအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(NGB)**

0-0-0-0-0



# မတ်လအတွက် ပရီးမီးယားလိဂ် အကောင်းဆုံးကစားသမားဆုကို ဘရူနိုဖာနန်ဒက်စ် ဆွတ်ခူး

**လန်ဒန် ဧပြီ ၃**

ပရီးမီးယားလိဂ်မှ လစဉ်လတိုင်း ပေးအပ်ချီးမြှင့်လျက်ရှိသည့် မတ်လအတွက် တစ်လတာ အကောင်းဆုံးကစားသမားဆုကို မန်ယူအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်က ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် မတ်လအတွင်းက မန်ယူအသင်းနှင့်အတူ ပရီးမီးယားလိဂ် ပွဲစဉ် ၄ပွဲကစားပြီး ၂ဂိုးသွင်းယူကာ၊ ၄ဂိုး ဂိုးဖန်တီးပြုလုပ်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်သည် ပရီးမီးယားလိဂ် တစ်လတာ အကောင်းဆုံးကစားသမားဆုကို (၆)ကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့သည်။ **(NGB)**